

စိတ်ကူးချိုချိုအနုပညာ
မအိ
မိန်းမတို့အကြောင်း

mgyoe.com

mei0003

2000.00 Ks

မခေါ်

# မိန်းမတို့အကြောင်း

mgyoe.com

mgyoe.com

မိန်းမတို့အကြောင်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၆၉၆၀၆၀၉ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၈၃၈၀၈၀၉ ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ဣ.ဒ.ဝ ပြုလုပ်ပြီး ထုတ်ဝေသူ-ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ- ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ရိုက်နှိပ်ကာ ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာရေးဆရာမျိုး - ကိုမြင့်

၃၇၆

မအိ

မိန်းမတို့အကြောင်း / မအိ ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၀၉။

စာမျက်နှာ ၃၀၇ မျက်နှာ၊ ၁၀.၅ စင်တီ× ၁၆.၅ စင်တီ

(၁) မိန်းမတို့အကြောင်း

mgyoe.com

mgyoe.com

# မာတိကာ


– မအိရဲ့ မိန်းမချင်းအမှာ ဣ

၁။ ကျွန်မသမီးအပျိုဖြစ်ပြီ ၁

၂။ မိန်းမနဲ့ အချစ် ၉

– ငွေ့လင့်ရောင်ခြည်အမျိုးမျိုး ၂၃

– ငွေ့လင့်ရောင်ခြည်နှင့် ဆာလောင်မှု ၃၆

– ရောထွေးမိန်းမများ ၆၈

– အချစ်ဆိုတာ ၆၉

– တော်ဝင်အချစ်များ ၇၂

၃။ မိန်းမနဲ့ ဂုဏ်သိက္ခာ ၉၅

၄။ မိန်းမမာန ၁၀၉

၅။ မိန်းမနဲ့ ခံယူချက် ၁၁၂

၆။ မိန်းမတာဝန် ၁၁၇

၇။ မိန်းမအမြင် ၁၅၂

၈။ မိန်းမနဲ့ ကြင်နာယုယမှု ၁၆၃

၉။ မိန်းမနဲ့ ဒေါသ ၁၇၄


mgyoe.com

mgyoe.com


| | |
|---|---|
| ၁၀။ မိန်းမမာယာ | ၁၈၈ |
| ၁၁။ မိန်းမတို့၏ သီးခြားဒုက္ခများ | ၂၀၉ |
| ၁၂။ မှတ်ဖွယ်ပဒေသာ မိန်းမဆိုတာ | ၂၆၆ |
| – စကားများလွန်းတဲ့ မိန်းမ | ၂၇၀ |
| – အရာရာမက်မောတတ်တဲ့ မိန်းမ | ၂၇၁ |
| – အသိဉာဏ်နည်းတဲ့ မိန်းမ | ၂၇၃ |
| – ရောဂါသည်မိန်းမ | ၂၇၄ |
| – ဇိဇာကြောင်တဲ့ မိန်းမ | ၂၇၇ |
| – ယောက်ျားစိတ်ဝင် မိန်းမ | ၂၇၈ |
| – အိမ်လည်ကျူးတဲ့ မိန်းမ | ၂၈၀ |
| – အပျင်းကြီးတဲ့ မယား | ၂၈၃ |
| – အပျိုကြီး | ၂၈၅ |
| – ပြည့်တန်ဆာမ | ၂၉၁ |
| – မိန်းမကောင်း၊ မိန်းမမြတ် | ၂၉၅ |


mgyoe.com

mgyoe.com



# မအိရဲ့ မိန်းမချင်းအမှာ

ဒီအမှာစာဟာ မအိရဲ့ဘ၀မှာ သုံးကြိမ်မြောက် ရေးတဲ့အမှာစာပါ။ 'ယောကျ်ားတို့အကြောင်း' ဆိုတဲ့ စာအုပ်ထွက်စဉ်က အခြေအနေပေးရင် 'မိန်းမတွေ အကြောင်း' ကို ဆက်ပြီးရေးမယ်လို့ပြောခဲ့ပါတယ်။ အခု ရေးဖြစ်သွားပါပြီ။

ဒီစာအုပ် မရေးခင်မှာပဲ ကျွန်မရဲ့အသက်က ခြောက်ဆယ်ပြည့်ခဲ့ပါတယ်။ မိန်းမအချင်းချင်းအကြောင်း ကိုရေးရတာ စိတ်မပါလို့ အချိန်တွေကြာသွားခဲ့ပါတယ်။ ဒါပေမယ့်လည်း ယောကျ်ားတို့ အကြောင်းကိုကျတော့ ရေးပြီး မိန်းမတွေအကြောင်းကို မရေးဘဲနေခဲ့ရင် မတရားရာ ကျမှာစိုးတဲ့အတွက် နောက်ဆုံးမှာ ရေးဖြစ်သွားပါတယ်။

ဒီလိုရေးတဲ့အခါမှာ ဘက်လိုက်မှုအနည်းဆုံးဖြစ် အောင် အားထုတ်ထားပါတယ်။ မဟာဏ္ဍတ္ထိရဝါဒသမား လို့ အပြောမခံနိုင်ပါဘူး။ မဟာပုရိသဝါဒသမားတွေကို

mgyoe.com

mgyoe.com



လည်း မုန်းလွန်းတဲ့အတွက် အားလုံးကို ဓမ္မဓိဋ္ဌာန်ကျကျပဲ စဉ်းစားပြီးရေးပါတယ်။ ဒီစာအုပ်ဟာလည်းပဲ လူငယ်တွေအတွက် ရည်ညွှန်းပါတယ်။ လူကြီးတွေကဝင်ပြီး ဝေဖန်တာကိုလည်း ကြိုဆိုပါတယ်။

ဒီစာအုပ်ထဲမှာ မိန်းမတွေအကြောင်းကို အိတ်သွန်ဖာမှောက် အကုန်ပြောထားတာကို ဖတ်ရမှာပါ။ ဆန်ရှင်းနာနာဖွင့်ထားတာတွေကိုလည်း တွေ့ရမှာပါ။ ဒီစာအုပ်ကို ဖတ်ထားတဲ့ ယောကျ်ားလေးတွေဟာ မိန်းကလေးတွေကို မနိုင်စားမိစေဖို့ သတိပေးလိုပါတယ်။ လောကကြီး သာယာတိုးတက်စေချင်တဲ့ ဆန္ဒရှိရင် ယောကျ်ားနဲ့မိန်းမဟာ ဘယ်သူက ဘယ်သူ့ကိုမှ နိုင်စားစရာမလိုပါဘူး။ စိတ်မာတ်အောက်တန်းကျတဲ့သူတွေသာလျှင် နိုင်စားဖို့အားထုတ်ကြတာဖြစ်ပါတယ်။ ဘာမှ ခြေခြေမြစ်မြစ်မသိခဲ့ရတဲ့ မိခင်တွေအတွက်လည်း ကိုယ်ချင်းစာစိတ်နဲ့ ရှင်းပြထားတာတွေပါပါတယ်။

သတိတရထည့်ပြောချင်တာကတော့ စိတ်ကူးချိုချို စာအုပ်တိုက်ပိုင်ရှင် ကိုစန်းဦးကိုပါ။ နံပါတ်တစ်က စာအုပ်ကို စက္ကူကောင်းကောင်းနဲ့ သပ်သပ်ရပ်ရပ်ဖြစ်အောင် ထုတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နံပါတ်နှစ်က စာအုပ်ကို ခိုးမရိုက်ဘဲ ရိုက်သမျှစောင်ရေကို ကိုယ့်ဘက်က ဘာမှမပြောရဘဲနဲ့ ဉာဏ်ပူဇော်ခ ထုတ်ထုတ်ပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ထုတ်ဝေသူတွေ ခိုးရိုက်တာကို

mgyoe.com

mgyoe.com



တော်ရုံစာရေးဆရာတွေ မသိနိုင်ပါဘူး။ ကိုစန်းဦးကတော့ အဲသလိုလူစားမျိုးမဟုတ်တဲ့အတွက် အတိအကျကို မှတ်တမ်းတင်ဖို့ လိုအပ်တဲ့ထုတ်ဝေသူတစ်ဦးပါ။ မောင်မင်းကြီးသား ဒီ့ထက်ကြီးပွားတိုးတက်ပြီး အသက်ရှည် ဘုန်းကြီးပါစေလို့ တကယ့်ရင်ထဲက မေတ္တာနဲ့ ဆုတောင်းပေးပါတယ်။

အဆုံးသတ်မှာ လိုတာတစ်ခုကတော့ ဒီထဲကစာတွေဟာ နှစ်ပေါင်းခြောက်ဆယ်စာ အတွေ့အကြုံတွေနဲ့ ဖတ်မှတ်ခဲ့ဖူးတဲ့ ဗဟုသုတတွေကို ရောမွှေ၊ ကောက်ချက်ချ၊ ဆွဲထုတ်ရေးခဲ့တာတွေပါ။ မောင်မယ်တွေအနေနဲ့ ပေါ့ပေါ့လေးသဘောမထားကြဖို့ မှာချင်ပါတယ်။ အပျော်ဖတ်၊ အပျင်းပြေဖတ် သဘောမျိုးမထားကြဖို့ ဟောင်းပန်လိုပါတယ်။ 'မအိ' ဟာ အခုချိန်အထိ လောဘ၊ ဒေါသ၊ မောဟတွေ ပြဋ္ဌာန်းဆဲပုထုဇဉ်စာရေးဆရာတစ်ဦးမို့လို့ အမှားအယွင်းတွေ ပါသွားနိုင်ပါတယ်။ ပညာရှင်တွေ၊ ပညာရှိတွေကို စိတ်ညစ်ညူးသွားစေတာတွေပါခဲ့ရင် ကျွန်မ ဒီနေရာကနေ အနူးအညွတ် ရှိခိုးတောင်းပန်လိုက်ပါတယ်။ ခွင့်လွှတ်ပေးကြပါ။ ပြုပြင်ပေးကြပါလို့... ။ ။

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

၁

# ကျွန်မသမီး အပျိုဖြစ်ပြီ

ကနေ့မနက် ထုံးစံအတိုင်း သမီးကိုနှိုးမယ်အလုပ်မှာ သမီးကနိုးနေပါပြီ။ ခုတင်ပေါ်မှာထိုင်ပြီး ပြတင်းပေါက်ကနေ တစ်ဆင့် ပန်းခြံထဲကို ငေးကြည့်နေပါတယ်။ ထွက်ပေါ်စ နေခြည်နုလေးတွေအောက်မှာ ပန်းပွင့်လေးတွေဟာ လိပ်ပြာလေးတွေ၊ ပိတုန်းလေးတွေနဲ့အတူ လေပြည်ထဲမှာ ယိမ်းကာ နွဲ့ကာ ပျော်မြူးနေကြပါတယ်။

အခုလိုမျိုး နွေရာသီကျောင်းပိတ်ကာလမှာ မနက်ရှစ်နာရီ ထိုးရင်တောင် မနည်းနှိုးမှထတတ်တဲ့သမီးဟာ ရှစ်နာရီမထိုးခင် နိုးနေပြီ၊ မျက်နှာမသစ် ဘာမသစ်နဲ့ ခုတင်ပေါ်ငုတ်တုတ်ထိုင်လို့ ပြတင်းပေါက်ကငေးနေတာ နှစ်ရက်ရှိသွားပါပြီ။ အဲသလိုငေးနေရင်းနဲ့ သမီးတစ်ယောက် ဘာတွေကို ငေးမောတွေးတောနေသလဲ ဆိုတာကိုတော့ မသိနိုင်ပါဘူး။ လိပ်ပြာလေးတွေကိုလား ...၊ ပန်းပွင့်လေး

mgyoe.com

mgyoe.com



တွေကိုလား ...၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကိုလား ....၊ အို ..... ဟို..... ဟို..... သမီးမှာ ရည်းစားသနာများ ရှိနေပြီလား ....

## ဝေဒနာ

– ဘယ်သူမှန်းမသိဘူးကွယ်
ကိုယ့်လက်ထဲမှာ မေတ္တာပန်းတစ်ပွင့်
တိတ်တိတ်ကလေးထည့်သွားတယ်။
– ဘယ်သူမှန်း မသိဘူးကွယ်
အသည်းနှလုံးကို ခိုးသွားတယ်
ပြီးတော့ ကောင်းကင်အနှံ့
အဝေးကို ဖြန့်ကြဲလိုက်ပါတယ်။
– သူဘယ်သူဆိုတာ သိပါပြီလား
ဒါမှမဟုတ် နေရာတကာမှာ
သူ့ကို ရှာနေဆဲပဲလား
ကိုယ်မသိပါကွယ်၊
အင်း ကိုယ့်အတွက်
သုခ ဝေဒနာလေလား
ဒုက္ခ ဝေဒနာလေလားကွယ် ။ ။

မောင်ဖေ

ဆရာမောင်ဖေ ဘာသာပြန်ထားတဲ့ ရာဘင်ဒြာ

mgyoe.com

mgyoe.com



နတ်တဂိုးရဲ့ ကဗျာတစ်ပုဒ်က ခေါင်းထဲကို ရုတ်ခြည်းဝင်ရောက်လာပါတယ်။ ရင်ထဲမှာလည်း ထိတ်ခနဲဖြစ်သွားရပါတယ်။ သမီးက အခုမှ ဆယ့်သုံးနှစ်ပဲ ရှိပါသေးတယ်။ ကိုယ့်ရဲ့မျက်လုံးထဲမှာတော့ နို့နံ့တောင်မစင်သေးတဲ့ ပိဘိကလေးလေးတစ်ယောက်ပါပဲ။ ဒီအရွယ်ဟာ ရည်စားထားရမည့် အရွယ်မဟုတ်သေးပါဘူး။ ရှစ်တန်းအောင်ပြီးခါစပဲရှိပါသေးတယ်။ ကိုးတန်းတောင် မတက်ရသေးဘူး။ ကျောင်းပို့ကျောင်းကြိုတောင် အခုထိလုပ်နေရတုန်းရှိပါသေးတယ်။

အင်း ... ဒါပေမဲ့ ပြီးခဲ့တဲ့ခြောက်လလောက်မှာ သမီးရဲ့ ဓမ္မတာသွေးစပြီးပေါ်တယ် ....။ အဲဒီတုန်းက သမီးဟာ သိပ်ပြီး စိတ်အနှောင့်အယှက်ဖြစ်နေပုံရတယ်။ စာလည်း ဖြောင့်အောင်မကျက်နိုင်ဘူး။ ထမင်းလည်း ကောင်းကောင်းမစားဘူး။ ရာသီသွေးကလည်း ပေါ်ကာစဆိုတော့ ပုံမှန်မဖြစ်သေးဘူး။ ဒီကြားထဲမှာ အဖြူဆင်းတာကို စိုးရိမ်လို့ ဆေးခန်းပြေးရတာကလည်း သုံးလေးခါဆိုတော့ သူလည်း စိတ်ညစ်မှာပေါ့ ...။ အမျိုးသမီးတွေရဲ့ ဒီလိုကိစ္စတွေနဲ့ပတ်သက်ပြီး သမီးနားလည်လက်ခံအောင် စိတ်ရှည်ရှည်နဲ့ ရှင်းလင်းပြောပြခဲ့တာတောင်မှ ရှစ်တန်းစာမေးပွဲကြီးကို ကောင်းကောင်းမဖြေနိုင်လောက်အောင် ဖြစ်ခဲ့ရတယ်။

အဲဒီတုန်းက "သမီးအပျိုဖြစ်ပြီလား" ဆိုတဲ့ ကိစ္စကို ခေါင်းထဲမှာ သိပ်ပြီးအလေးအနက်မထားခဲ့ဘူး။ သမီးရဲ့

mgyoe.com

mgyoe.com



စူးရှရှအသံ ပျောက်သွားပြီး အသံကြီးကြီးပြောင်းသွားတာ၊ လက်မောင်းနဲ့ လက်ဖျံမှာ မွေးညှင်းနုလေးတွေပေါက်လာတာ၊ တင်ပါးဆုံရိုး နည်းနည်းကြီးလာပြီး ရင်သားနည်းနည်းပိုဖောင်းလာတာတွေကိုတော့ သတိထားမိပါဟယ်။ ဒါတွေဟာလည်း အသက်ကြီးလာလို့ အလိုလိုပြောင်းလဲလာတာတွေလို့ပဲ ခပ်ပေါ့ပေါ့တွေးခဲ့ပါတယ်။ အမျိုးသမီးတွေ ရာသီသွေးပေါ်တဲ့ကိစ္စကို အမေနဲ့လက်တွဲပြီး တည်တည်ငြိမ်ငြိမ် ဖြေရှင်းတတ်လာတာတောင် တစ်လ၊ နှစ်လပဲ ရှိပါသေးတယ်။

သမီးကို လေ့လာကြည့်ချင်တဲ့စိတ်က ရင်ထဲမှာ လှုပ်ခတ် သွားတယ်။ သမီး ဘာကိုငေးနေတာလဲလို့မေးကြည့်တော့ သမီးက ရှက်သွားပြီး ဘာမှမဟုတ်ပါဘူး ... မေမေရဲ့လို့ ပြန်ဖြေတယ်။ ဒီမေးခွန်းနဲ့အဖြေဟာ ဘာရှက်စရာရှိလို့ အခုလိုမျိုး အမေကို ရှက်နေရတာလဲ။ သမီးဟာ အမေကို ရှက်တတ်လာတယ်။ အရင်ကနဲ့ မတူဘူး။ အရင်တုန်းကဆိုရင် ဘာကိစ္စပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းနဲ့ပြောတတ်တဲ့ သမီးဟာ အခုတော့ ဘာမဟုတ်တာလေးတွေက အစ လျှို့ဝှက်တတ်လာတယ်။ သမီးကို တစေ့တစောင်း အကဲခတ်ကြည့်လိုက်တော့ အဆီအသားတွေ တိုးပွားလာလို့ ခါး၊ တင်၊ ရင် ကွဲကွဲပြားပြား ဖြစ်စပြုလာတာကို သတိထားမိသွားတယ်။ သမီးရဲ့ခန္ဓာကိုယ်က ညွှန်ပြနေတာတွေအားလုံးက သမီးအပျိုဘော်ဝင်နေပြီဆိုတာ တိတိကျကျ

mgyoe.com

mgyoe.com



ညွှန်ပြနေပါကလား။

ဟုတ်ပါတယ် ...။ သမီး အပျိုဖြစ်ပြီဆိုတာကို လက်ခံရတော့မှာပါ။ ခုနက ကဗျာထဲကလို သမီးဟာ ဘယ်သူမှန်းမသိသေးတဲ့ တစ်ယောက်ယောက်ကို စတင်ရှာဖွေနေပါပြီ။ သူ့အတွက်ကတော့ သုခဝေဒနာဖြစ်ကောင်းဖြစ်နိုင်ပေမဲ့ ကိုယ့်အတွက်ကတော့ ဒုက္ခဝေဒနာပါ။ နို့နံ့တောင်မစင်သေးကဲ့ ကိုယ့်ရဲ့သမီးဟာ ဘာမှန်း၊ ဘယ်သူမှန်းမသိသေးတဲ့ ဆန့်ကျင်ဘက်လိင်ကို မျှော်မှန်း တွေးတောလာတတ်တာဟာ မိခင်အပေါ်မှာထားခဲ့တဲ့ အချစ်တွေကို ခွဲထုတ်ပြောင်းရွှေ့ထားချင်လာလို့ပဲ မဟုတ်လား ...။ အဲဒါကို တွေးမိလိုက်တာနဲ့ စိတ်ထဲမှာ ဝမ်းနည်းမိသွားပြီး မောပန်းနုံးချိလာပါတယ်...။ အတွေးတွေကလည်း လားရာအနှံ့ဘက်ပေါင်းစုံကို ဖြန့်ကြက်သွားတော့တယ် ...။

သမီးအပျိုဖြစ်ပြီ။ လောကကြီးရဲ့ သဘာဝအရ၊ လူသားတွေရဲ့ဓမ္မတာအရ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ ပကတိအရှိတရားတွေကို မိခင်တစ်ယောက်အနေနဲ့ ရဲရဲရင့်ရင့် ရင်ဆိုင်ရပါတော့မယ်။ မိခင်တစ်ယောက်အနေနဲ့ ရင့်ကျက်မှုမရှိဘူးဆိုရင် အပျိုဖြစ်လာတဲ့ သမီးကို ဘယ်လိုလုပ်ပြီး စောင့်ရှောက်ပျိုးထောင်လို့ရပါတော့မလဲ...။ သမီးဆီကနေ ဘာတုံ့ပြန်မှုကိုမှ မျှော်လင့်မထားတဲ့ မိခင်ကောင်းဆိုတာဟာ အရာရာကို စွန့်လွှတ်ပေးဆပ်ဖို့ အဆင်သင့်ဖြစ်နေရမယ် မဟုတ်ပါလား။ ဟုတ်ပါတယ် .... သမီးအပျို ဖြစ်ပြီဆိုတာ

mgyoe.com

mgyoe.com



ကို ကျွန်မ တိတိကျကျ သက်ခံလိုက်ပါပြီ။

ဒီလိုလက်ခံလိုက်ပြီးတဲ့နောက်မှာ အစီအစဉ်တွေကို စနစ်တကျရေးဆွဲရပါတော့တယ်။ ပထမဆုံးအစီအစဉ်အရ ပြီးခဲ့တဲ့ (၂) နှစ်က ထုတ်ဝေခဲ့တဲ့ ကျွန်မရဲ့ "ယောကျ်ားတို့ အကြောင်း" ဆိုတဲ့စာအုပ်ကို သမီးကို ပြန်ဖတ်ခိုင်းပါတယ်။ ပြန်ဖတ်ခိုင်းတယ်လို့ ပြောရတာဟာ အဲဒီစာအုပ်ထွက်တုန်းက သူတစ်ခါဖတ်ပြီးပါပြီ။ ဖတ်ပြီးတဲ့နောက်မှာ သမီး မှတ်ချက်ချတာက "ဘာတွေမှန်းလဲ မသိဘူး" ဆိုတာပါပဲ။ အဲဒီတုန်းကတော့ သူက အပျိုဘော်မဝင်သေးပဲကိုး ....။ အခုကျတော့ သမီးက စိတ်ဝင်စားစွာနဲ့ ဖတ်နေတာကို တွေ့ရပါတယ်။ "ယောကျ်ားတို့အကြောင်း" ဆိုတာကို စိတ်ဝင်စားစွာဖတ်နေတာဟာ သမီးအပျိုဖြစ်ပြီဆိုတာကို ထပ်ဆင့် ထောက်ခံမှုပြုနေတာ ဖြစ်ပါတယ်။ မရှင်းတာ တွေကိုလည်း မေးပါတယ်။ သမီးဟာ အဲဒီစာအုပ်ကို အချိန်ယူပြီးဖတ်လိုက်တာ တစ်လလောက် ကြာသွားပါ တယ်။ ဖတ်လည်းပြီးရော သူ့ရဲ့မှတ်ချက်ချပုံက တစ်မျိုး ပြောင်းသွားပါတယ်...။ "မေမေ့ဟာကလည်း ယောကျ်ား တစ်ယောက်ရဖို့ မလွယ်ပါလား" တဲ့ ...။ မျှော်လင့်မထား တဲ့မှတ်ချက်ကြောင့်ပဲ သမီးကိုတစ်ပတ်လောက် အချိန် ယူပြီး ပြန်ရှင်းပြရပါတယ်။ ပြန်ဖြည်ထုတ်တဲ့သဘော လို့လည်း ပြောနိုင်ပါတယ်။

အနာဂတ်စီမံကိန်းတွေ ကျန်နေသေးတဲ့အတွက်

mgyoe.com

mgyoe.com



ကိုယ်ရေးတဲ့စာအုပ်ကို ကိုယ်ပြန်ဖတ်ရပါတယ်။ ဟုတ်ပါ့တယ်....။ အဲဒီစာအုပ်ထဲမှာ ယောကျ်ားအမျိုးမျိုးအကြောင်းကို ရှင်းပြရင်းနဲ့ အမျိုးသမီးတွေသတိထားဖို့ကိုပါ တွဲတွဲပြီးရေးထားပါတယ်။ ယောကျ်ားတွေကလည်း အမျိုးမျိုးအစားအစား များပြားလွန်းလှတော့ သမီးအတွက် ရင်မောစရာကြီးဖြစ်သွားရတယ်နဲ့တူပါရဲ့...။ စိမ်ကိန်းအချိန်ဇယားအရ ဒုတိယအဆင့်ကို မေလဆန်းမှာ စတင်လိုက်ပါတယ်။ ဒီတစ်ခါ သမီးကိုရှင်းပြတာကတော့ မိန်းမတွေရဲ့အကြောင်းပါပဲ....။ ဒီတစ်ခါမှာတော့ အရင်ရေးခဲ့တဲ့စာအုပ်နဲ့မတူဘဲ ပိုပြီးပေါ့ပါးတဲ့အသွင်နဲ့ ပြောပြဖြစ်ပါတယ်။

သမီးရဲ့ ကျောင်းဖွင့်ရက် ဇွန်လဆန်းမတိုင်မီမှာပဲ သမီးကို ပြောပြဖြစ်တဲ့ "မိန်းမတို့အကြောင်း" ပုံပြင်တွေဟာ ဆုံးခန်းတိုင် သွားခဲ့ပါတယ်။ စိမ်ကိန်းတတိယအဆင့်အရ လက်တွေ့သင်ကြား ဖြေရှင်းနည်းတွေအတွက် ကိစ္စကြီးသေးအားလုံးကို အမေနဲ့ ပွင့်ပွင့်လင်းလင်းတိုင်ပင် ပြောဆိုဆွေးနွေးဖို့ သမီးဆီက ကတိရခဲ့ပါတယ်။ သမီးရဲ့ စိတ်ဓာတ်၊ အတွေးအခေါ်နဲ့ ခံယူချက်တွေဟာ ကြည်ကြည်လင်လင်ဖြစ်သွားခဲ့ပါပြီ။ စောင့်ကြည့်မှုတွေအရ လက်တွေ့မှာလည်းပဲ အခြေအနေအားလုံး ကောင်းခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ သမီးကို ပြောပြဖြစ်ခဲ့တဲ့ "မိန်းမတို့အကြောင်း" ကို မျှဝေပေးချင်တဲ့ စေတနာဟာလည်း ရင်ထဲမှာပေါ်ပေါက်ခဲ့ရပါတယ်။ သမီးပျိုရှိတဲ့ မိခင်တွေ

mgyoe.com

mgyoe.com



လည်း အသုံးဝင်ပါလိမ့်မယ်။ ဖတ်မိတဲ့ ကျားမ ပျိုပျို ရွယ်ရွယ်တွေလည်း သူ့ဟာသူ ဆင်ခြင်တတ်သွားပါလိမ့် မယ်။ သမီးတို့ကို ပြောပြချင်တဲ့ ပုံပြင်တွေရယ်လို့လည်း မှတ်ယူနိုင်ပါသေးတယ်။

✿

mgyoe.com

mgyoe.com

## မိန်းမနဲ့ အချစ်

အချစ်အကြောင်းကို သရုပ်ခွဲတဲ့အခါ "ငုံ့လင့်ရောင်ခြည်" ဆိုတဲ့ အသုံးအနှုန်းကို သုံးခဲ့ဖူးပါတယ်။ ဆိုလိုတာက ယောကျ်ားလေးတွေရဲ့အချစ်ဟာ "ရှာဖွေရောင်ခြည်" ပုံသဏ္ဍာန်ဆောင်ပြီး၊ မိန်းမတွေရဲ့အချစ်ဟာ "ငုံ့လင့်ရောင်ခြည်" အသွင်ကိုဆောင်တယ်လို့ ရေးခဲ့ဖူးပါတယ်။ မိန်းကလေးတွေဟာ အရွယ်ရောက်လာတဲ့အခါမှာ ဘာကိုရော်ရမ်းတမ်းတနေမှန်းမသိတဲ့ပုံစံတွေ ပြလာတတ်ပါတယ်။ သူတို့ကိုယ်သူတို့တောင် မသိပါဘူး။ ဒါဟာ ငုံ့လင့်ခြင်းရဲ့အစပါ။ အဲဒီကနေပြီး တဖြည်းဖြည်းနဲ့ ယောကျ်ားလေးတွေကို ငုံ့လင့်လာပါတော့တယ်။

အဲဒီအထိ သူတို့ကိုယ်သူတို့ မသိကြသေးပါဘူး။ ဘေးက တစ်ယောက်ယောက် လာထိုင်စောင့်ကြည့်နေရင် သိသာပါတယ်။ ယောကျ်ားလေးတွေက သူတို့ကို ကြည့်

mgyoe.com

mgyoe.com



သွားတာတွေ၊ ယောကျ်ားလေးတစ်ယောက်နဲ့ စကားပြောရတာတွေ၊ ယောကျ်ားလေးတစ်ယောက်က စတာ၊ နောက်တာတွေ၊ ယောကျ်ားလေးတစ်ယောက်က အလိုလိုက်တာတွေ၊ ဦးစားပေးတာတွေ၊ အနစ်နာခံတာတွေ စသည်ဖြင့် ယောကျ်ားလေးတွေနဲ့ပတ်သက်ရရင် နှစ်သက်ကြပါတယ်။ မပတ်သက်ရတဲ့ အချိန်တွေမှာ အဲဒါတွေကို ငံ့လင့်ကြပါတယ်။ အဲဒီကနေစပြီး မိန်းမတွေဟာ တစ်သက်လုံး ငံ့လင့်ကြရတော့တာပါပဲ။

"ငံ့လင့်တယ်" ဆိုတဲ့စကားကိုလည်း ရှင်းရပါဦးမယ်။ ငံ့လင့်တယ်ဆိုတာဟာ တဏှာအားကြီးတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ ကျားနဲ့မ ဆိုတဲ့ သဘာဝအရ "မျှော်လင့်" ရတာကို ဆိုလိုတာပါ။ တိုးတက်ပွင့်လင်းပြီးဖြစ်တဲ့ အနောက်နိုင်ငံယဉ်ကျေးမှုတွေမှာတောင် ၉၉% က ယောကျ်ားကနေ စရတာပါ။ မိန်းမတွေက မျှော်လင့်နေရသူတွေပါ။ အရှက်အကြောက် ယဉ်ကျေးမှုအားကြီးတဲ့ မြန်မာနိုင်ငံလိုအဖို့တော့ စဉ်းစားသာကြည့်ပါတော့။ "မျှော်လင့်မှု" (သို့) "ငံ့လင့်မှု" ဆိုတာကိုပဲ ပြုနိုင်ကြပါတယ်။ "ငံ့လင့်မှု" ဆိုတဲ့ ဝေါဟာရထဲမှာ "ဆာလောင်မှု" သဘောတွေ ပါဝင်နေတယ်ဆိုတာကတော့ သေချာပါတယ်။ ဒါပေမဲ့ အနည်းနဲ့အများဆိုပြီးတော့ ကွာခြားပါလိမ့်မယ်။

ကောင်းပါပြီ။ ဘာဖြစ်လို့ ဆာလောင်နေရတာလဲ။ ဘာကိုဆာလောင်နေတာလဲဆိုတဲ့ မေးခွန်းတွေရှိနိုင်ပါ

mgyoe.com

mgyoe.com



တယ်။ အဖြေကတော့ လူသားတွေဖြစ်တဲ့အကွက် ဆာလောင်တာပါ။ ယောကျ်ားတွေနဲ့ ပတ်သက်တာတွေကို ဆာလောင်နေတာပါ။ "ရှာဖွေရောင်ခြည်" ဖြစ်တဲ့ ယောကျ်ားတွေအဖို့မှာတော့ ဆာလောင်မှုကို နည်းအမျိုးမျိုးနဲ့ ဖြေရှင်းခွင့်ရနိုင်ကြပြီး မိန်းကလေးတွေအဖို့မှာတော့ ယောကျ်ားလေးတစ်ယောက်ကို ကြည့်ချင်တာတောင် ရဲရဲတင်းတင်းမကြည့်ရဲဘဲ ခိုးကြည့်ရတဲ့ဘဝပါ။ အဲဒီဆာလောင်မှုဆိုတာလည်း ပညာ၊ ဆင်ခြင်တုံတရား၊ အုပ်ယိန်းမှု၊ ပတ်ဝန်းကျင်တို့အပေါ်မှာမူတည်ပြီး အနည်းနဲ့အများကွာခြားသွားကြပါတယ်။ အဲဒီအတွက် "ငံ့လင့်မှု" ဆိုတာဟာလည်း အဲဒါတွေအပေါ်မှာ မူတည်ပြီး ကွဲပြားသွားကြပါတယ်။

တချို့ပြောကြတာ ရှိပါတယ်။ မြန်မာအမျိုးသမီးတွေဟာ အရှက်အကြောက်အားကြီးတဲ့အတွက် မဖြစ်သင့်တာတွေ ဖြစ်ကြရတယ်။ အနောက်နိုင်ငံမှာဆိုရင် ပွင့်လင်းလွတ်လပ်တဲ့အတွက် ကြိုက်တဲ့ယောကျ်ားလေးနဲ့ ကြိုက်တဲ့အချိန်မှာ ချစ်နိုင်၊ ကြိုက်နိုင်တယ်။ လူကြီးတွေကလည်း လွှတ်ပေးထားတယ်။ နောက်ဆုံးကုန်ကုန်ပြောရရင် ကိုယ်နှစ်ခြိုက်တဲ့ယောကျ်ားနဲ့အတူ အိပ်ခွင့်၊ အတူနေနိုင်ခွင့်၊ ကလေးမွေးခွင့်တွေတောင် ရတယ်။ လက်ထပ်စရာ မလိုသေးဘူး။ တစ်ယောက်နဲ့တစ်ယောက် ကြေကြေလည်လည်ဖြစ်ပြီဆိုမှ လက်ထပ်ကြ။ မဟုတ်ရင်တော့ ဒီအတိုင်း

mgyoe.com

mgyoe.com



ခရီးဆက်။ ဒါမှမဟုတ်ရင်လည်း လမ်းခွဲကြ။ အဲဒါက ပိုကောင်းတယ် စသည်ဖြင့် .... စသည်ဖြင့် .........။

ဒီစကားတွေဟာ မိန်းကလေးတွေကို မြန်မာ့ယဉ်ကျေးမှုအောက်မှာနေစေချင်ပြီး ယောကျ်ားတွေက အနောက်ယဉ်ကျေးမှုနဲ့နေလိုတဲ့ဆန္ဒကနေ ထွက်လာတာပဲ ဖြစ်ပါလိမ့်မယ်။ သူတို့ပြောပြောနေတဲ့ အဲဒီအနောက်ယဉ်ကျေးမှုအကြောင်းကို သူတို့ကိုယ်တိုင် တိတိကျကျမသိကြလို့ ဒီစကားတွေကို ပြောနေကြတာပါ။ တကယ်တမ်း အဲဒီ အနောက်ယဉ်ကျေးမှုအတိုင်း မိန်းကလေးတွေက လိုက်နေမယ်ဆိုရင် မောင်မင်းကြီးသားတွေ အူနုကျွဲခတ်ဖြစ်ကုန်ကြမှာပါ။ ဟိုနိုင်ငံတွေမှာက မိန်းကလေးကလည်း ကြိုက်တဲ့ယောကျ်ားလေးနဲ့ တွဲခွင့်၊ နမ်းခွင့်၊ ညအိပ်ခွင့်တွေရှိတယ်။ တရားဝင်လက်မထပ်ရသေးသမျှ မိန်းကလေးနဲ့ ယောကျ်ားလေး တန်းတူအခွင့်အရေးရှိကြတယ်လေ။ ဟိုနိုင်ငံက မိန်းကလေးကလည်း ယောကျ်ားတကာနဲ့ တွဲတာပါပဲ၊ နမ်းတာပါပဲ၊ အိပ်ကြတာပါပဲ။ ဒါပေမဲ့ သူတို့ရဲ့ရည်းစားတွေက ကြည်ဖြူကြတယ်လေ။ အပြစ်မမြင်ကြဘူး။ ဒီနိုင်ငံမှာ မိန်းကလေးတစ်ယောက် အဲဒါမျိုး လုပ်ကြည့်ပါလား။ မောင်မင်းကြီးသားတွေက မိန်းမပျက်စာရင်းသွင်းလိုက်ကြမှာပေါ့။

အခွင့်အရေးဆိုတာမျိုးဟာ တရားမျှတစွာ ယူတတ်ရတယ်။ ပြောတတ်ရတယ်။ တွေးတတ်ရတယ်။

mgyoe.com

mgyoe.com



သူတို့နိုင်ငံမှာ တရားဝင်လက်ထပ်ပြီးသွားရင် တိတ်တိတ်ပုန်းဇာတ်လမ်းတွေ ခင်းလို့မရဘူး။ သိသွားလို့ တရားစွဲရင် လျော်ကြေးနင့်နေအောင် ပေးရမယ်။ နောက်တစ်ယောက် တရားဝင်ယူချင်လို့လည်း မရဘူး။ မယားပြိုင်ထားလို့ မရဘူး။ အရင်မယားကို ကျေနပ်လောက်အောင် လျော်ကြေးပေးပြီး၊ ကွာရှင်းခွင့်ရပါမှ နောက်တစ်ယောက်ကို တရားဝင်ယူခွင့်ရတယ်။ ဒီနိုင်ငံမှာကတော့ ဘာလျော်ကြေးမှ ပေးစရာမလိုဘဲ မယားပြိုင်ထားခွင့်ကို ဥပဒေက အသိအမှတ်ပြုထားတယ်။ ရပ်ထဲရွာထဲမှာတော့ နှာခေါင်းရှုံ့ကြမှာပေါ့။ ဒါယဉ်ကျေးမှုပဲ။ အမြှောင်ထားလို့လည်း ဖမ်းချုပ်မခံရပါဘူး။ ကဲ့ရဲ့ခံရမှာ စိုးလို့သာ တိတ်တိတ်ပုန်းကြတာပါ။ အဲ–ဒါပေမဲ့ မိန်းမတွေကတော့ အမြှောင်ထားခွင့်မရကြဘူး။ လင်ပြိုင်ယူခွင့်မရကြဘူး။ ဥပဒေက အသိအမှတ်မပြုဘူး။ ဒီလောက်တောင် အခြေအနေကောင်းတဲ့ဟာကို တချို့မောင်မင်းကြီးသားတွေက အားမရနိုင်ကြဘူး။ ကိုယ့်ကိုယ်ကိုယ် ရှက်တတ်ရင် သိပ်ရှက်စရာကောင်းပါတယ်။

မြန်မာယဉ်ကျေးမှုမှာကတော့ မိန်းကလေးတွေကို လွတ်လပ်ခွင့်မပေးပါဘူး။ အုပ်ထိန်းသူတွေ အားနည်းနေရင်တောင်မှ အရပ်က ဝိုင်းထိန်းပေးကြပါတယ်။ ကြိုက်သလို နေခွင့်၊ စားခွင့်၊ သွားခွင့်၊ လာခွင့်မပေးပါဘူး။ အချိန်မတော်လမ်းမှာရပ်နေတဲ့ မိန်းကလေးတစ်ယောက်ကို အရပ်ထဲက လူကြီးတစ်ယောက်ယောက်က တွေ့သွားရင်

mgyoe.com

mgyoe.com



ဘာပြောမယ်ထင်နေလဲ ....။ မသိကျိုးကျွံ ပြုသွားလိမ့်မယ် မထင်နဲ့။ "ဟဲ့ ...ကလေးမ၊ ဘာဖြစ်လို့လဲ" ဆိုတာတော့ မေးမည့်သူချည်းပါပဲ။ (ဒီခေတ် မြို့ကြီးပြကြီးတွေမှာတော့ တချို့နေရာတွေမှာ မသိကျိုးကျွံပြုသွားကြတဲ့ လူကြီးတွေ ရှိနေပါပြီ။ ဒါဟာလည်း အကြောင်းရင်းတွေ အများကြီး ရှိပါတယ်)

ဆိုလိုချင်တာက ဒီနိုင်ငံမှာ မိန်းကလေးတွေအနေနဲ့ အအုပ် အထိန်းကောင်းကောင်းရှိနေပါတယ်။ အဲဒီအတွက် လုံခြုံမှုလည်း ရှိပါတယ်။ တော်ရုံတန်ရုံ ယောကျ်ားလေးတွေကမဟုတ်တာလုပ်ဖို့၊ ဆွဲလားရမ်းလားလုပ်ဖို့ နေနေသာသာ၊ နောက်ပြောင်တာတောင် မလုပ်ရဲကြပါဘူး။ ဟိုနိုင်ငံတွေမှာကတော့မရဘူး။ ပါးစပ်စည်းကမ်း၊ လက်စည်းကမ်းရှိကြတာမဟုတ်ဘူး။ ဒီမှာကတော့ ကာယိန္ဒြေ ပျက်စီးမှုနဲ့ တရားစွဲခံရမှာကို မောင်မင်းကြီးသားတွေ ကြောက်ကြပါတယ်။ ဒီလိုမျိုး မြန်မာ့ယဉ်ကျေးမှုနဲ့ လိုက်ဘက်ညီတဲ့ဥပဒေတွေ ရှိတာဟာ အလွန်သဘာဝကျလှပါတယ်။

အအုပ်အထိန်းဆိုတာနဲ့ ပတ်သက်ပြီးလည်း ရှင်းရဦးမယ်။အအုပ်အထိန်းကောင်းတဲ့အတွက် အဲဒီမိန်းကလေး တန်ဖိုးလျော့သွားတာမရှိပါဘူး။ တန်ဖိုးတက်လာတာပဲ ရှိပါတယ်။ အအုပ်အထိန်းရှိတဲ့ မိန်းကလေးတစ်ယောက်ကို ပေါ့ပေါ့တန်တန်လျော့ မတွက်ကြပါဘူး။ လေးလေးနက်

mgyoe.com

mgyoe.com



နက်ရှိတဲ့ ယောကျ်ားလေးတွေပဲ ချဉ်းကပ်နိုင်ကြတာပါ။ ဣန္ဒြေရှိတဲ့၊ သိက္ခာရှိတဲ့ ယောကျ်ားလေးတွေပဲ အနားကပ်နိုင်ကြတာပါ။ အဲဒီရဲ့အကျိုးဆက်ကတော့ လင်ကောင်းရတာပါပဲ။ လျှပ်ပေါ်လော်လည်တဲ့ မိန်းကလေးတွေဟာ လင်ကောင်း မရနိုင်ပါဘူး။ အဲဒီအတွက် အတွေ့အကြုံကြီးမားတဲ့ လူကြီးမိဘတွေက စနစ်တကျ ထိန်းကွပ်ကြတာပေါ့။

ဒီခေတ် မြို့ကြီးပြကြီးတွေမှာတော့ အဲဒီအခြေအနေကို လက်မခံချင်ကြတဲ့ မိန်းကလေးတွေပေါ်လာကြတယ်။ မိဘကလည်း ချစ်ရလေတော့ ရင်တမမနဲ့ပဲ ခွင့်ပြုအလိုလိုက်ထားနေရတယ်။ အဲဒီအတွက် ဒီမိန်းကလေးတွေ အိမ်ထောင်ကျတဲ့အခါမှာ အိမ်ထောင်သည် လင်ယောကျ်ားတွေကလည်း လျှပ်ပေါ်လော်လည်တဲ့သူတွေပဲ ဖြစ်နေတာကို တွေ့ရတယ်။ ဒါတွေဟာ တန်ဖိုးနည်းတဲ့ မိန်းမတွေ ကြုံတွေ့ရတဲ့ ပြဿနာပါ။ ပိုက်ဆံရှိ သားသမီးကို လင်တော်ခွင့်ရလိုက်တယ်ဆိုရင်တောင် အဲဒီလင်ဟာ ပိုက်ဆံကလွဲပြီး အခြား ဘာမှမရှိသူဖြစ်ဖို့ များပါတယ်။ နောက်တစ်ချက်က အဲဒီပိုက်ဆံတွေဟာ အဲဒီလင်ရဲ့မိဘတွေရဲ့ ပိုက်ဆံလည်းဖြစ်ချင် ဖြစ်နေတတ်ပါတယ်။

မိန်းမတွေရဲ့ တန်ဖိုးဟာ ဣန္ဒြေပါပဲ။ (ဒါကို နောက်ပိုင်းမှာ တစ်ကဏ္ဍရှင်းပါဦးမယ်) ဣန္ဒြေဆိုတာ ဘာလဲ....။ သွားတာ၊ လာတာ၊ စားတာ၊ သောက်တာ၊

mgyoe.com

mgyoe.com



ပြောတာ၊ ဆိုတာ၊ နေတာ၊ ထိုင်တာ စတာတွေ အားလုံးမှာ စောင့်စည်းတာ၊ ထိန်းသိမ်းတာဟာ ဣန္ဒြေပါပဲ။ မိန်းကလေးတစ်ယောက် ဘယ်လောက်စောင့်စည်းနိုင်တယ်၊ ထိန်းသိမ်းနိုင်တယ်ဆိုတာဟာ သူဘယ်လောက် အအုပ် အထိန်းကောင်းကောင်းခံခဲ့ရတယ်ဆိုတဲ့အပေါ်မှာ မူတည်ပါတယ်။ အအုပ်အထိန်းကောင်းကောင်းနဲ့ ကြီးပြင်းလာတဲ့ မိန်းကလေးဟာ ဣန္ဒြေကြီးပါတယ်။ အဲဒီတန်ဖိုးဟာ ဘယ်လောက်ရှိသလဲဆိုရင် မိဖုရားတောင်ဖြစ်နိုင်တဲ့ တန်ဖိုးမျိုးအထိ ရှိပါတယ်။

အဲဒါတွေကိုသိနေတဲ့ အတွေ့အကြုံရှိတဲ့ အမိ အဘ၊ ဦးလေး အဒေါ်၊ ဘကြီး ဒေါ်ကြီး၊ အဘိုးအဘွား တွေက မိန်းကလေးတွေကို ငယ်စဉ်ကတည်းကစလို့ စည်းနဲ့ကမ်းနဲ့ အုပ်ထိန်းကြပ်မတ်ခဲ့ကြတယ်။ ဘယ်လောက်တောင် ကြပ်မတ်ခဲ့ကြသလဲဆိုရင် ရယ်တာတောင်မှ ရယ်ချင်သလို ရယ်ခွင့်မရခဲ့ဘူး။ မိန်းကလေးတန်မဲ့ အဲသလောက် ရယ်ရသလားဆိုပြီး မာန်မဲခံရနိုင်ပါတယ်။ မိန်းကလေးတစ်ယောက် အပျိုမဖြစ်ခင် (၁၂ နှစ် မပြည့်ခင်) ကတည်းကစပြီး အုပ်ထိန်းကြပ်မတ် မှုမျိုးစုံခံလာရတာဟာ တစ်နေ့တစ်မျိုးမရိုးရအောင် နေ့တိုင်းနေ့တိုင်း လင်ရပြီးတဲ့အထိ (အချို့လင်ယူပြီးတဲ့နောက်ပိုင်းအထိ) အုပ်ထိန်းကြပ်မတ်ခံကြ ရပါတယ်။

ဟဲ့–မိန်းကလေးတန်မဲ့ အဲလိုမပြောရဘူးလေ…

mgyoe.com

mgyoe.com



ဒေါက် (ခေါင်းခေါက်သံ)၊ ဟဲ့–မိန်းကလေးတန်မဲ့ ဒီအချိန် ထိအိပ်ရသလား... ဒေါက်၊ ဟဲ့...မိန်းကလေးတန်မဲ့ နေ့ခင်း အိပ်ရသလား...ဒေါက်၊ ဟဲ့...မိန်းကလေးတန်မဲ့ အစောကြီး အိပ်ယာဝင်ရသလား...ဒေါက်၊ ဟဲ့–မိန်းကလေးတန်မဲ့ ခြေဆင်းထိုင်ရသလား၊ မိန်းမပျင်းခြေဆင်း... ဒေါက်၊ ဟဲ့– မိန်းကလေးတန်မဲ့ အဲလိုဝတ်ရသလား၊ သွား–လုံလုံခြုံခြုံ ပြန်ဝတ်ချေ...ဒေါက်၊ ဟဲ့–မိန်းကလေးတန်မဲ့ ဘုရားရှိခိုး ဘယ်လိုရှိခိုးနေတာလဲ၊ နောက်ဆို ယောဂီတဘက်ကို ရင်ဘတ်ကို လွှမ်းထား...ဒေါက်၊ ဟဲ့–မိန်းကလေးတန်မဲ့ စားပြီးသားပန်းကန်တွေကို ဒီအတိုင်းထားရသလား၊ ဘယ်သူစားထားစားထား ချက်ချင်းဆေးရမယ်လို့ပြော ထားတယ်မဟုတ်လား၊ သွား–ပြောင်နေအောင် ဆေးခဲ့... ဒေါက်၊ ဟဲ့–မိန်းကလေးတန်မဲ့ အဝတ်တွေ ဒီလိုပုံထားရ သလား၊ နေ့တိုင်းလျှော်ပါလို့ ပြောထားတာ မမှတ်ဘူး လား၊ သွား– အခုသွားလျှော်ချေ...ဒေါက်၊ ဟဲ့–မိန်းကလေး တန်မဲ့ ရတ်လာတဲ့အကျီတွေကို တစ်ခါတည်းခေါက်ထား လို့ပြောတာ မမှတ်ထားဘူးလား...၊ သွား–အခုချက်ချင်း မီးပူသွားတိုက်...ဒေါက်၊ ... ဒေါက်၊ ...ဒေါက်၊ ... ဒေါက်။

အဲဒီမိန်းကလေးတန်မဲ့ဆိုတာတွေဟာ အမျိုးအစား ပေါင်း ရာနဲ့ချီပြီး ရှိလိမ့်မယ်လို့မှတ်ရတာပဲ။ ဟဲ့–ထဘီ ဝတ်တာ ဘယ်လိုဝတ်နေတာလဲ၊ လွှားလွှား...လွှားလွှားနဲ့၊ ဟဲ့–တံမြက်စည်းလှည်းတာ ဘယ်လိုလှည်းနေတာလဲ၊

mgyoe.com

mgyoe.com



အုပ်လှည်းစမ်း၊ ဟဲ့–လမ်းလျှောက်တာ ခြေသံမကြားချင်ဘူး ဆိုတာမျိုးတွေဟာ နေ့စဉ်ကြားနေကျ ဂီတသံတွေပါ။ နေ့စဉ် ခေါင်းခေါက်ခံရတာ၊ ဗိုက်ကြော၊ ပေါင်တွင်းကြော လိမ်ဆွဲခံရတာတွေကလည်း နှစ်ပေါင်းများစွာကြာလာတော့ ရိုးတောင်နေပါပြီ။ ဆိုလိုချင်တာက မြန်မာ့ယဉ်ကျေးမှုအရ အဲ့သည်လို အုပ်ထိန်းကြပ်မတ်ခံလာရတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ အချစ်ဆိုတာမျိုးဟာ "ငုံ့လင့်ရောင်ခြည်" အသွင်ဖြစ်နေတာ မဆန်းလှပါဘူး။

ဒီလို အုပ်ထိန်းကြပ်မတ်မှုနှင့်ပတ်သက်ပြီး အလျဉ်းသင့်တုန်းမှာ လူကြီးသူမတွေကိုလည်း တစ်ခုလောက်မှာချင်ပါသေးတယ်။ ကိုယ်ကအကြီးအကဲဖြစ်တဲ့အတွက် ကလေးတွေကို ကြိုက်သလို ဆုံးမခွင့်ရပါတယ်။ အဲဒီဆုံးမမှုနဲ့ ညီမျှတဲ့မေတ္တာကိုလည်း ထားနိုင်ရပါတယ်။ တစ်ရာဖိုးဆုံးမရင် တစ်ရာဖိုးမေတ္တာထားနိုင် ရပါတယ်။ တစ်ထောင်ဖိုးဆုံးမရင် တစ်ထောင်ဖိုး မေတ္တာထားနိုင်ရပါတယ်။ မထားနိုင်ရင် မဆုံးမပါနဲ့။ တချို့က တစ်ရာဖိုးလောက်သာ မေတ္တာပေးနိုင်ပြီး တစ်ထောင်ဖိုးဆုံးမကြတယ်။ အဲ့သလို လုပ်တာမျိုးတွေဟာ ကလေးတွေရဲ့စိတ်ဓာတ်နဲ့ အတွေးအခေါ်ကို ရိုက်ချိုးပစ်တာနဲ့ အတူတူပဲဖြစ်ပါတယ်။ ကလေးများတဲ့အိမ်ဆိုရင် ကလေးတွေအားလုံးအပေါ်မှာ တန်းတူမေတ္တာထားနိုင်ရပါတယ်။ သတိကြီးကြီးထားရပါမယ်။ အခုပြောတာဟာ မိခင်ဆိုတဲ့အမျိုးအစားက လွဲလို့ အခြား

mgyoe.com

mgyoe.com



လူတွေအားလုံးကိုပြောနေတာပါ။ အဲဒီကလေးရဲ့ ဖခင်က စပြီး သူ့ရဲ့အစ်ကို၊ အစ်မ၊ အဒေါ်၊ ဦးလေး၊ ဦးကြီး၊ ဒေါ်ကြီး၊ အဘိုး၊ အဘွားအားလုံးကို ဆိုလိုပါတယ်။

ခုနကပြောခဲ့တဲ့ မြန်မာအမျိုးသမီးတွေမဖြစ်သင့်ဘဲ ဖြစ်ကြ ရတဲ့ပြဿနာတွေထဲက ငါးဆယ်ရာခိုင်နှုန်းဟာ မေတ္တာနည်းနည်းသာပေးနိုင်ပြီး တင်းတင်းကျပ်ကျပ် ဆုံးမ တတ်လွန်းတဲ့ လူကြီးတွေကြောင့် ဖြစ်ကြရတာပါ။ မြန်မာ့ ယဉ်ကျေးမှုကို ခြေခြေမြစ်မြစ်နားမလည်နိုင်တဲ့ လူကြီးတွေ ကြောင့်ပါ။ မြန်မာ့ယဉ်ကျေးမှုဆိုတာဟာ မေတ္တာအပေါ်မှာ အခြေပြုပါတယ်။ မေတ္တာအားကြီးတဲ့သူတစ်ယောက်ဟာ ကိုယ့်ရဲ့ကလေးကိုမပြောနဲ့၊ တစ်နိုင်ငံလုံးက ဘယ်သူ့ကို မဆိုတောင်မှ မာန်လို့မဲလို့ရပါတယ်။ အားလုံးကလည်း စိတ်မဆိုးကြဘဲ နားထောင်ကြ၊ လိုက်နာကြပါတယ်။ ချစ်၊ ကြောက်၊ ရိုသေ ဆိုတဲ့ ဝေါဟာရကို မမေ့ပါနဲ့။ အဲဒီ ဝေါဟာရဟာ မြန်မာနိုင်ငံမှာပဲ ရှိပါတယ်။ အဲဒါဟာမေတ္တာ အပေါ်မှာ အဓိကမူတည်ပါတယ်။

မှန်ကန်တဲ့အအုပ်အထိန်းကောင်းကို ခံယူကြီးပြင်း လာတဲ့ မိန်းကလေးတွေဟာ ကြီးလာတဲ့အခါမှာ ဘာလုပ် လုပ် ပိပိရိရိ၊ သေသေသပ်သပ် လုပ်ကိုင်လာတတ်လာပါ တယ်။ ဒါတင်မက အတွေးအခေါ်နဲ့ အမြော်အမြင်မှာ လည်း ပိရိသေသပ်လာပါတယ်။ မိန်းကလေးတွေရဲ့အချစ် ဟာ "ငုံ့လင့်ရောင်ခြည်" နဲ့တူကြောင်း ပြောခဲ့ပြီးပါပြီ။

mgyoe.com

mgyoe.com



ပိရိသေသပ်မှုရှိတဲ့ ငုံလင့်ရောင်ခြည်နဲ့ လျှပ်ပေါ်လော်လည်တဲ့ ငဲ့လင့်ရောင်ခြည်ဟာ မတူပါဘူး။ ပိရိသေသပ်တဲ့ ငုံလင့်ရောင်ခြည်ဟာ ဣန္ဒြေတွေကို စောင့်ထိန်းနိုင်ပါတယ်။ ချဉ်းကပ်လာတဲ့ ယောကျ်ားလေးတွေကိုလည်း ကောင်းကောင်းခွဲခြား စိတ်ဖြာသုံးသပ်နိုင်ပါတယ်။ လျှပ်ပေါ်လော်လည်တတ်တဲ့ ယောကျ်ားတွေကို သူတို့ကိုယ်တိုင်က မနှစ်သက်ကြပါဘူး။

ယောကျ်ားလေးတွေအဖို့မှာလည်း သူတို့မှာ လျှပ်ပေါ်လော်လည်တတ်တဲ့ ရာခိုင်နှုန်းဘယ်လောက်ရှိတယ်ဆိုတာ သူတို့ကိုယ်သူတို့ သိထားပြီးသားပါ။ အဲဒါကြောင့်မို့ ပိရိသေသပ်တဲ့အမျိုးသမီးအနားကို အချို့ယောကျ်ားလေးတွေ မချဉ်းကပ်ရဲကြပါဘူး။ ချဉ်းကပ်ဖို့နေနေသာသာ မျက်လုံးနဲ့ တစ်ချက်လောက် စိုက်ပြီးကြည့်တဲ့ဒဏ်ကိုတောင်မှ မခံနိုင်ကြပါဘူး။ ပိရိသေသပ်တဲ့ မိန်းကလေးတွေဟာ ဣန္ဒြေကြီးတယ်ဆိုတာဟာ နေရာတကာမှာ အရှက်အကြောက် အားကြီးနေတာမျိုးမဟုတ်ပါဘူး။ ပြောသင့်တဲ့စကားကိုပြောရဲတဲ့သတ္တိရှိပါတယ်။ ယောကျ်ားလေးဆယ်ယောက်ရဲ့ရှေ့ကို ဖြတ်လျှောက်ရဲတဲ့သတ္တိလည်း ရှိပါတယ်။ လမ်းဘေးထိုင်နေတဲ့ ယောကျ်ားလေးတွေကိုလည်း အထင်မကြီးတတ်ပါဘူး။ ရည်းစားစကားလိုက်ပြောတဲ့ သူတွေကိုလည်း တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်တတ်ပါတယ်။ စကားလေးနှစ်ခွန်းသုံးခွန်းပြောပြီး မေးခွန်း

mgyoe.com

mgyoe.com



လေး နှစ်ခွန်းသုံးခွန်းမေးလိုက်တယ်ဆိုရင်ကိုပဲ တော်ရုံယောကျ်ားလေးတွေ မဟာအရှက်တော်ကွဲပြီး နောက်နောင်ကို မျက်စောင်းနဲ့တောင် ထိုးမကြည့်ရဲလောက်အောင် ရှောင်ရှားသွားကုန်ကြပါတယ်။

ပြောသင့်တဲ့စကားတွေနဲ့ မေးသင့်တဲ့မေးခွန်းတွေဟာ အခြေအနေနဲ့ လူအပေါ်မှာမူတည်ပြီး ပြောရမေးရမှာပါ။ ဥပမာလေးတွေပြောပြပါမယ်။

ရှင်ဘယ်မှာနေလဲ၊ ရှင့်မိသားစုဝင်အားလုံးနဲ့ မိတ်ဆက်ပေးလို့ရမလား၊ ရှင့်အကြောင်းတွေကို တရားဝင်စုံစမ်းရဦးမယ်၊ ရှင် ဘယ်နှတန်းအောင်ပြီးပြီလဲ၊ ရှင်အလုပ်လုပ်နေပြီလား၊ ဘာအလုပ်လဲ၊ ဝင်ငွေဘယ်လောက်ရှိသလဲ၊ အိမ်ထောင်ပြုဖို့ ဘယ်လိုပြင်ဆင်ထားသလဲ၊ ရည်းစားထားကြည့်ချင်ရုံသက်သက်ပဲလား၊ တကယ်လက်ထပ်ယူဖို့အဆင့်အထိကိုရော ဆုံးဖြတ်ပြီးပြီလား၊ ရှင့်ကိုယ်ရှင်ရော ပြင်ဆင်ပြီးပြီလား၊ လက်ထပ်ပြီးရင် ဘယ်မှာနေမှာလဲ၊ ဒီခေတ်မိသားစုတစ်စုရဲ့ ကုန်ကျငွေဟာ သိန်းဂဏန်းရှိတယ်ဆိုတာ ရှင်သိရဲ့လား၊ မိန်းမယူပြီးရင် ဘယ်လိုလုပ်ပြီး ကျွေးဖို့စီစဉ်ထားလဲ။ မင်္ဂလာဆောင်ကုန်ကျစရိတ်က သိန်းဆယ်ဂဏန်းရှိတယ်ဆိုတာတော့ ရှင်သိမှာပေါ့၊ ရှင့်ရဲ့မိသားစုကိုရော ဘယ်လိုလုပ်ကျွေးပြီးပြီလဲ၊ မိသားစုတာဝန်တွေကိုရော ကျေပွန်ပြီးပြီလား။ ကျွန်မ မကြိုက်တာတွေကိုရော ရှင်ပြင်နိုင်မလား၊ ရှင့်ကို

mgyoe.com

mgyoe.com



အဖြေမပေးခင် စောင့်ကြည့်တာက ဘယ်နှနှစ်ကြာမယ် ဆိုတာ မပြောနိုင်ဘူး၊ အချိန်တွေအကုန်ခံနိုင်သလား၊ ရှင့်ကိုယ်ရှင်ရော ဘယ်လောက်ယုံကြည်ထားသလဲ၊ .......

စသည်ဖြင့်၊ စသည်ဖြင့် ပြောစရာ၊ မေးစရာတွေ အများကြီး ရှိပါတယ်။ ဒီမေးခွန်းလေးတွေကိုမှ ကျေကျေလည်လည် ပြန်မရှင်းနိုင်တဲ့ ယောကျ်ားတစ်ယောက်ကိုတော့ ဘာမှအထင်ကြီးစရာ မရှိပါဘူး။ မိန်းမတွေဆိုတာဟာ ယောကျ်ားလေးတွေကို ဖျော်ဖြေဖို့၊ အပျော်တွဲဖို့ မွေးဖွားလာတာမဟုတ်ပါဘူး။ လူ့ဘောင်လောက သာယာတိုးတက်လာအောင် လက်တွဲဆောင်ရွက်ဖို့အတွက် "အရင်းနှီး၊ အယုံကြည်ရဆုံးမိတ်ဆွေကောင်း" အဖြစ် မွေးဖွားလာတာပါ။ ယောကျ်ားလေးက မားမားမတ်မတ်၊ ခိုင်ခိုင်ခံ့ခံ့၊ ရင့်ရင့် ကျက်ကျက်မှမရှိရင်၊ လုံ့လ၊ ဝီရိယ၊ ဇွဲသတ္တိမှမရှိရင် အဆင့်မြင့် မိန်းမတစ်ယောက်ကို ပိုင်ဆိုင်နိုင်ဖို့ ဘယ်မှာအခွင့်အရေးရှိနိုင်ပါ့မလဲ။ မိမိနဲ့ ထိုက်ရာတန်ရာကိုပဲ ရတော့မပေါ့...။ သူတို့ကိုယ်သူတို့လည်း သိနှင့်နေကြပါတယ်။ အဲဒါကြောင့်မို့ တချို့ယောကျ်ားလေးတွေ တပ်ဆုတ်ပြီး ဆန်ပြုတ်သောက်သွားကြတာပေါ့။

mgyoe.com

mgyoe.com



## ငံ့လင့်ရောင်ခြည်အမျိုးမျိုး

မိန်းကလေးတွေရဲ့အချစ်ဟာ ဆန်းပြားလွန်းလှတယ်လို့ ပြောကြကယ်။ ထိုနည်းအတိုင်းပါပဲ။ ယောကျ်ားလေးတွေရဲ့အချစ်ဟာ ထူးဆန်းလွန်းတယ်လို့ မိန်းကလေးတွေကပြောကြပြန်ရော။ အမှန်တကယ်ကတော့ ယောကျ်ားလေးတွေဟာ မိန်းကလေးတွေအတွက် ထူးဆန်းနေပြီးတော့၊ မိန်းကလေးတွေဟာလည်း ယောကျ်ားလေးတွေအတွက်တော့ ထူးဆန်းနေတာ သဘာဝပါပဲ။ ဘာတွေထူးဆန်းနေသလဲဆိုတော့ နံပါတ်တစ်က ခန္ဓာကိုယ်ဖွဲ့စည်းပုံချင်းမတူကြတာပါပဲ။ ဖွဲ့စည်းပုံတူတဲ့သူအချင်းချင်းကျတော့ ဘယ်ထူးဆန်းပါတော့မလဲ။ နံပါက်နှစ်က ကြီးပြင်းဖြတ်သန်းမှု မတူညီမှုပါပဲ။ နံပါတ်သုံးက ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ဟိုမုန်းတွေ၊ ခရိုမိုဇုန်းတွေ၊ ဂျိင်းတွေ၊ ကလီစာတွေ၊ အစိတ်အပိုင်းတွေ မတူညီကြတာပါပဲ။ နံပါတ်လေးကတော့ တွေးတာခေါ်တာ၊ ရှုမြင်တာ၊ သုံးသပ်တာ၊ ခံစားတာတွေ မတူညီကြတာပါပဲ။ နံပါတ်ငါးကတော့ လုပ်ပုံကိုင်ပုံ၊ နေပုံထိုင်ပုံ၊ သွားပုံလာပုံ၊ စားပုံသောက်ပုံ မတူကြတာပါပဲ။

အဲဒီမတူညီကြတာတွေကြောင့်ပဲ ထူးဆန်းတယ်ဆိုတာမျိုး ဖြစ်နေကြတာပါ။ တချို့မိန်းကလေးတွေဟာ စနစ်ကျတဲ့ ထိန်းကျောင်းမှုကိုခံယူခဲ့ရလို့ ပိရိသေသပ်ကြောင်း၊

mgyoe.com

mgyoe.com



ကြွန်ကြီးကြောင်း ပြောခဲ့ပြီးပါပြီ။ သူတို့ရဲ့အချစ်ဟာလည်း ကြွန်ကြီးပါတယ်။ ကြွန်ရှိတဲ့ ယောကျ်ားလေးတွေကိုပဲ နှစ်သက်တတ်ပါတယ်။ တုံ့ပြန်မှုတွေမှာ သတိရှိပါတယ်။ ခပ်မြင့်မြင့်ယောကျ်ားလေးတွေကိုပဲ မှန်းတတ်ပါတယ်။ ချစ်တဲ့နေရာမှာလည်း တည်တည်ငြိမ်ငြိမ်နဲ့ပဲ ချစ်တတ်ပါတယ်။ လေးစားလောက်ဖွယ် အချစ်မျိုးနဲ့ချစ်တတ်ကြသူတွေပါ။ မိသားစုဘဝကို သိပ်ပြီးတန်ဖိုးထားတတ်ကြပါတယ်။ အိမ်ထောင်မှုတွေကိုလည်း နိုင်နင်းပါတယ်။ ဆုံးဖြတ်ချက်တွေဟာ ပြတ်သားပြီး ခိုင်မာပါတယ်။ အသုံးနဲ့အဖြုန်းကိုလည်း ခွဲခြားတတ်ပါတယ်။ ဒီလိုမိန်းမမျိုးဟာ ရုပ်ချောသူ၊ မချောသူ၊ ပညာတတ်ကြီးဖြစ်သူ၊ မဖြစ်သူ၊ ပိုက်ဆံချမ်းသာသူ၊ မချမ်းသာသူ စသည်ဖြင့် အလွှာစုံမှာ ရှိတတ်ပါတယ်။ ဒီလိုမိန်းမမျိုးကိုရတဲ့သူဟာ အရမ်းကံကောင်းပါတယ်။ ဒီလိုမိန်းမမျိုးကို ငယ်စဉ်ကစပြီး အုပ်ထိန်းလာခဲ့တဲ့ လူကြီးမိဘတွေကို အရမ်းကျေးဇူးတင်ဖို့ ကောင်းလှပါတယ်။

ဘယ်လိုမိန်းမရဲ့အချစ်မျိုးပဲဖြစ်ဖြစ် "ငံ့လင့်ရှောင်ခြည်"ဖြစ်ကြောင်း ပြောခဲ့ပြီးပါပြီ။ ယောကျ်ားလေးတွေနဲ့တွေ့ရမြင်ရတာ၊ စကားပြောရတာ၊ ယောကျ်ားလေးတွေရဲ့အသံကို နားထောင်ရတာ၊ အမူအရာကိုကြည့်ရတာ စသည်ဖြင့် ယောကျ်ားလေးတွေနဲ့ ပတ်သက်သမျှတွေကို သာယာတတ်တာဟာ မိန်းမတွေရဲ့သဘာဝ ပါပဲ။ ဒါပေမဲ့

mgyoe.com

mgyoe.com



ခုနကပြောတဲ့ မိန်းမအမျိုးအစားတွေကျတော့ သူတို့ သာယာနိုင်လောက်တဲ့ ယောကျ်ားလေးတွေက ရှားလွန်းပါတယ်။ ကိုးရိုးယားကားထဲက မင်းသားချောချောတွေ ဆိုရင် ဒီနိုင်ငံက မိန်းမကြီးကြီးငယ်ငယ် ကြိုက်ကြပါ တယ်။ အဲဒီထဲမှာ ခုနကပြောခဲ့တဲ့မိန်းမတွေ မပါပါဘူး။ သူတို့က အဲဒီမင်းသားရဲ့စရိုက်ကို ကြိုက်ချင် ကြိုက်ပါလိမ့် မယ်။ လူကိုတော့ မကြိုက်ကြပါဘူး။ မင်းသားတိုင်းရဲ့ စရိုက်ကိုလည်း မကြိုက်ကြပါဘူး။ ယောကျ်ားပီသတဲ့ စရိုက်ကိုပဲ ကြိုက်ကြတာပါ။

အဲဒီလိုမိန်းမမျိုးဟာ လက်မထပ်မီမှာ ပြဿနာ နှစ်ရပ် ရှိတတ်ပါတယ်။ လက်ထပ်ပြီးသွားပြန်တော့လည်း ပြဿနာနှစ်ရပ် ရှိတတ်ပါတယ်။ လက်မထပ်မီမှာ ဖြစ် တတ်တဲ့ပြဿနာနှစ်ရပ်ကတော့ တော်ရုံယောကျ်ားလေး တွေကို ချဉ်းကပ်ဖို့အခြေအနေ မပေးတာနဲ့၊ တင်းကျပ်မှုကို အလျှော့ပေးဖို့ထွက်ပေါက်မှားတတ်တာတွေပါပဲ။ အဲဒီ ပြဿနာနှစ်ရပ်ဟာလည်း ဆက်စပ်နေပါတယ်။ သူတို့ရဲ့ အနေအထိုင်၊ အပြုအမူ၊ အပြောအဆိုကြောင့် အရပ်ထဲမှာ၊ အလုပ်ထဲမှာ ချဉ်းကပ်တဲ့ယောကျ်ားလေးမရှိပါဘူး။ မိန်းမတွေဟာ ဘာပဲပြောပြော ငုံ့လင့်ရောင်ခြည်ဟာ ငုံ့လင့် ရောင်ခြည်ပါပဲ။ သူတို့ သဘောကျတဲ့ယောကျ်ားလေးတွေ ကို စာပေးခွင့်၊ လိုက်ပြီးစကား ပြောခွင့်မရှိပါဘူး။ ရေလာ မြောင်းပေးခွင့်ပဲရှိပါတယ်။ ခက်နေတာက အဲဒီမိန်းမမျိုး

mgyoe.com

mgyoe.com



တွေဟာ မြောင်းပေးတာတောင်မှ ခပ်တိမ်တိမ်နဲ့ ခပ်ကျဉ်းကျဉ်းပဲပေးတတ်ကြပါတယ်။ အဲဒီလိုမျိုးအခြေအနေကြောင့်ပဲ သင့်တော်လိုက်ဖက်တဲ့ ရှားရှားပါးပါးယောက်ျားလေး တချို့ကို (အထင်အမြင်လွဲမှားသွားကြလို့) လက်လွှတ်ဆုံးရှုံးခဲ့ကြရပါတယ်။

ဒီအချက်ကို အဲဒီလိုမျိုးမိန်းကလေးတွေဟာ သတိကြီးကြီးထားရပါမယ်။ ကိုယ်သဘောကျနှစ်သက်ပြီဆိုတဲ့ ယောက်ျားမျိုးဟာ သိက္ခာကြီးတဲ့ ယောက်ျားမျိုးတွေဖြစ်နေတတ်ပါတယ်။ ဘာမဟုတ်တဲ့ ကိစ္စသေးသေးလေးတွေက စပြီး အထင်လွဲသွားတတ်တဲ့အတွက် သတိကြီးကြီးထားဖို့ လိုပါတယ်။ ဒီကိစ္စဟာ အမဲဖမ်းနေတာမျိုး မဟုတ်ပေမဲ့ အမဲဖမ်းတာထက် ပိုခက်၊ ပိုသိမ်မွေ့တဲ့ "အိမ်ထောင်ဖက်ရွေးခြင်းအနုပညာ" ပါ။ လိုအပ်တဲ့အချိန်မှာ လိုအပ်သလို ပိုကျယ်၊ ပိုနက်တဲ့ မြောင်းမျိုးပေးနိုင်ဖို့ လိုအပ်ပါတယ်။ ကိုယ်ရွေးချယ်ရမည့် အိမ်ထောင်ဖက်ဖြစ်ကြောင်း သေချာပြီဆိုရင်တော့ ရေတွေ ဒလဟောစီးနိုင်ဖို့ မြောင်းကိုအကျယ်ဆုံးနဲ့ အနက်ဆုံးဖွင့်ပေးလိုက်ဖို့ လိုပါတယ်။ ဖွင့်ပေးတယ်ဆိုတာမှာလည်း ဣန္ဒြေလေးရှိဖို့လိုပါတယ်။ ပျာယာခတ်ပြီး၊ မျက်ကလူးဆန်ပျာ ဖွင့်ပေးမိသွားရင်လည်း အဲဒီလိုယောက်ျားမျိုးတွေက အထင်လွဲသွားတတ်ပါတယ်။ အိမ်ထောင်ဖက် ရွေးခြင်းအနုပညာလို့ ဆိုခဲ့ပြီးပါပြီ။ သိမ်မွေ့လွန်းလို့ ပြောရတာပါ။ ဒီလောက်ပြောလိုက်တယ်

mgyoe.com

mgyoe.com



ဆိုရင် ဒီလိုမိန်းကလေးမျိုးတွေ သိနိုင်လောက်ပါပြီ။

ဒီလောက်ပြောလို့မှ မရိပ်မိသေးဘူးဆိုရင် အပျိုကြီးဖြစ်နိုင်တဲ့အကြောင်း သတိပေးပါရစေ။ လင်စံရွေး၊ လင်ခွေးနဲ့ညားဆိုတဲ့စကားပုံဟာ အလကားပေါ်ပေါက်လာတာမဟုတ်ကြောင်း အမြဲသတိရနေစေလိုပါတယ်။ ဘယ်လိုပဲပြောပြော ဒီလိုမိန်းမမျိုးတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင် ကျလေ့ကျထ မရှိကြပါဘူး။ များသောအားဖြင့် အသက် (၃၀) ကျော်လောက်မှ အိမ်ထောင်ပြုတတ်ကြပါတယ်။ တချို့ဆိုရင် (၄၀) ကျော်မှ ပြုကြပါတယ်။ တစ်ဆက်တည်းအကြံပြုလိုတာကတော့ အသက် (၃၀) ကျော် သည်အထိ စောင့်မနေကြပါနဲ့။ (၂၆) နဲ့ (၂၈) ကြားထဲမှာပဲ အိမ်ထောင်ပြုကြပါ။ ဒါဟာ ဆေးပညာသဘောအရလည်း မီးဖွားခြင်းကို အထောက်အကူပေးပါတယ်။

ပြောမည့်သာပြောရတာ၊ အဲဒီလိုမျိုး မိန်းကလေးတွေထဲမှာ ဒီကိစ္စကို လိုက်နာနိုင်မည့်သူကလည်း အရှားသား။ အသက် (၁၈) နှစ်ကနေစပြီး ရွေးလိုက်ချယ်လိုက်တာ နောက် (၈) နှစ်လောက်ရွေးရရင်တော်ရောပေါ့။ ဒါပေမဲ့ ခက်နေတာက အဲဒီလိုမိန်းမမျိုးတွေဟာ အသက် (၂၅) နှစ်လောက် ရောက်မှပဲ အချစ်ကိုစပြီး စဉ်းစားကြတာပါ။ နောက်ထပ် လေးငါးနှစ်လောက် ရွေးရင်း ရွေးရင်းနဲ့ပဲ အသက်သုံးဆယ်ကျော်သွားကြတာမျိုးပါ။ ဒါကြောင့်မို့ အဲဒီလိုမျိုး မိန်းကလေးတွေကိုပြောချင်တာက အသက်

mgyoe.com

mgyoe.com



ဆယ့်ရှစ်၊ နှစ်ဆယ်လောက်ရောက်ရင် ကိုယ်နှစ်သက်မည့် ယောကျ်ားလေးတွေကို စတင်ရွေးချယ်ကြပါ။ အချိန်တန် တော့လည်း အိမ်ထောင်ပြုကြမည့်အတူတူ အခုကတည်း ကနေစပြီး လာမည့်ဘေးကို ပြေးတွေ့လိုက်ပါ။

* * *

ဒီလောက်အထိဖတ်ပြီးသွားပြီဆိုရင် စာဖတ်သူရဲ့ ခေါင်းထဲမှာ အတွေးတချို့ဝင်လာနိုင်စရာ ရှိပါတယ်။ ဒီစာရေးသူဟာ ရှေးဟောင်း သမားရိုးကျအတွေးအခေါ် ထဲကနေ ခွဲမထွက်နိုင်သေးဘူးလို့ ထင်စရာ ရှိပါတယ်။ တချို့ကတော့ ဒီအတွေးအခေါ်တွေဟာ ဘိုးတော်ဘုရား ခေတ်မှာ ကျန်ခဲ့ပြီလို့ ပြောချင်ကြမှာပါ။ 'မ ဝါဒ ကြေညာ စာတမ်း'ကို ဖတ်ဖူးသလား၊ အမျိုးသမီးလွတ်လပ်ရေး လှုပ်ရှားသမိုင်းကိုသိသလား၊ ဂျွန်စတူးဝပ်မေးလ် ရေးတဲ့ 'မိန်းမတို့ကို ကျွန်ပြုခြင်း' ကို ဖတ်ဖူးသလား၊ အဲလစ်စ်ရိုစီ တို့၊ မာဂရက် မိဒ်တို့၊ ဂလိုရီယာစတိန်မင်တို့၊ မာလီနီဒစ် ဆန်တို့၊ မက်ဒီလင်းဘယ်လ်ကင်တို့၊ ရက်စတော့ကင်တို့၊ ဟာန်ဆုယင်ဟို့၊ ဒေါ်ရသီသွမ်မဆင်တို့တွေ ရေးခဲ့တဲ့စာတွေ ကို ဖတ်ဖူးသလားလို့ မေးချင်တဲ့ပုဂ္ဂိုလ်တွေလည်း ပေါ် ထွက်လာမှာပါ။

အရင်ဘုန်းက 'ယောကျ်ားတို့အကြောင်း' ဆိုတဲ့ စာတစ်အုပ်ရေးခဲ့ပြီးပါပြီ။ အခု 'မိန်းမတွေအကြောင်း'

mgyoe.com

mgyoe.com



ဆိုပြီး ရေးပါတယ်။ တစ်ခုပြောလိုဘာက 'ကျားမဆိုင်ရာ အိုင်ဒီယော်လော်ဂျီ' ဆိုတာ မျိုးကို ရေးတာမဟုတ်ပါဘူး။ အဲဒီလိုစာအုပ်မျိုးရေးမယ်ဆိုရင်တော့ ကာလ၊ ဒေသ၊ ပယောဂတွေကိုချိုးဖျက်ပြီး ကိုယ်ပိုင်အယူအဆသက်သက် တွေကိုပဲ ရေးမိမလား မပြောတတ်ဘူး။ (တစ်ချိန်မှာ ရေးချင်လည်းရေးဖြစ်ပါလိမ့်မယ်) အခုရေးခဲ့တဲ့၊ ရေးနေတဲ့ စာအုပ်တွေကတော့ ကာလ၊ ဒေသ၊ ပယောဂတွေအောက် ကနေ ရေးနေတာဖြစ်ပါတယ်။ ဒါတောင်မှ ဖောက်ထွက် ထားတာလေးတွေ ပါနေပါသေးတယ်။ ဒီကိစ္စနဲ့ပတ်သက် ပြီး ပညာရှင်တွေအနေနဲ့ စိတ်ဝင်စားမယ်ဆိုရင်ဖြင့် စာတမ်း ဖတ်ပွဲလေးတစ်ခုလောက် လုပ်စေချင်ပါတယ်။ အဲဒီစာတမ်း ဖတ်ပွဲကို ကျကျနန နားထောင်ချင်ပါတယ်။ (အခွင့်ရရင် မိမိလည်း စာတမ်းလေးတစ်စောင် တက်ဖတ်လိုက်ချင်ပါ သေးတယ်)

အခု ဒီစာအုပ်မျိုးကို ရေးတဲ့အခါမှာ မတူညီကွဲပြား တဲ့ ဒေသအခြေအနေတွေကို မျက်ကွယ်ပြုပြီး ရေးလို့မဖြစ် နိုင်ပါဘူး။ (မရေးချင်တာမျိုးမဟုတ်၊ ရေးလို့မဖြစ်နိုင်တာပါ) ကာလကိုလည်း သတိပြုရပါတယ်။ နှစ်ပေါင်းထောင်နဲ့ ချီပြီး ရှိခဲ့တဲ့ယဉ်ကျေးမှုကို ပစ်ပယ်လိုက်ဖို့လည်း မဖြစ်နိုင် ပါဘူး။ ထိုနည်းတူစွာပါပဲ၊ အခြားအခြားသော ပယောဂ တွေကို လျစ်လျူရှုဖို့လည်း မဖြစ်နိုင်ပါဘူး။ ဒီတစ်နိုင်ငံ တည်းမှာတင်ပဲ ကွဲပြားတဲ့ ဒေသအခြေအနေတွေရဲ့

mgyoe.com

mgyoe.com



ယဉ်ကျေးမှုဓလေ့ထုံးစံတွေ ရှိနေပါတယ်။ အဲဒီတော့ များရာကို ခြုံပြီးရေးရတဲ့သဘောပါ။ နောက်ပြီး အလွှာအသီးသီးကို ခြုံပြီးရေး ရတာဖြစ်တဲ့အတွက် များရာကိုပဲ ဦးစားပေးရကာတွေရှိပါတယ်။ အဖက်ဖက်က ပြည့်စုံလုံလောက်တဲ့ စာအုပ်တစ်အုပ်တော့ ဖြစ်လာမှာ မဟုတ်ပါဘူး။

သတိရလို့ဆက်စပ်ပြောစရာလေးတစ်ခု ပေါ်လာပါတယ်။ 'ယောကျ်ားတို့အကြောင်း' စာအုပ်ထုတ်အပြီး တစ်နှစ်အတွင်းမှာပဲ ဝေဖန်သံတွေအများကြီးထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီဝေဖန်သံတွေ အားလုံး (အားလုံး) ဟာ ယောကျ်ားတွေဆီကပဲ ထွက်လာတာတော့ နည်းနည်းထူးဆန်းနေပါတယ်။ ပိုပြီးထူးဆန်းတာက ကျွန်မရဲ့ဘဝကို တစ်စိတ်တစ်ပိုင်း သိထားတဲ့သူတွေဆီကပဲ ဖြစ်နေတာကို တွေ့ရပါတယ်။ ရင်ထဲကအရှိအတိုင်း ပြောရမယ်ဆိုရင် ချီးမြှောက် သူရော၊ ကဲ့ရဲ့သူရော အားလုံးကို ကျေးဇူးတင်ပါတယ်။ ငါဟာ ဝေဖန်လောက်စရာ အဆင့်ရှိတဲ့စာရေးဆရာတစ်ဦးပါလားလို့ ဂုဏ်ယူချင်စရာမျိုးလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မက ဂုဏ်ယူချင်လို့ စာရေးနေတာမျိုးမဟုတ်ဘဲ စာရေးချင်လို့ ရေးနေတဲ့ အမျိုးအစားထဲကပါ။ ဒီစာအုပ်ထွက်ပြီးသွားရင်လည်း ဝေဖန်သံတွေကြားရလိမ့်ဦးမယ်နဲ့ တူပါရဲ့။ အရင်စာအုပ်လိုပဲ ယောကျ်ားတွေဆီကပဲ ဖြစ်နေမှာလား၊ မိန်းမတွေရောပါဦးမှာလား၊

mgyoe.com

mgyoe.com



စိတ်ဝင်စားစရာပါ။

ကျွန်မ ဒဿနတွေကို မပြောတတ်ပါဘူး။ ပညာရှင်တစ်ဦးလည်း မဟုတ်ပါဘူး။ အခြေခံလူတန်းစားကနေ မွေးဖွားလာတဲ့ သာမန်မိန်းမတစ်ဦးသာ ဖြစ်ပါတယ်။ ကဗျာနဲ့ ဝတ္ထုတိုတွေကိုပဲ တစ်သက်လုံးရေးခဲ့ပါတယ်။ ဆောင်းပါး၊ အင်တာဗျူး၊ အက်ဆေး၊ ခရီးသွားဆောင်းပါး၊ ဝတ္ထုရှည်ဆိုတာတွေကတော့ ရံဖန်ရံခါမှ ရေးတာပါ။ ဒါပေမဲ့ အခုချိန်ကစပြီးတော့ ရေးသင့်ရေးထိုက်တယ်လို့ ယူဆရတဲ့ဟာတွေကို လုံးချင်းအနေနဲ့ပဲဖြစ်ဖြစ် ရေးဖို့စိတ်ကူးထားပါတယ်။ ('ယောကျ်ားတို့အကြောင်း' ဆိုတာကတော့ ရေးခဲ့ပြီးပါပြီ) ကျွန်မမှာ ထူးခြားတဲ့ဖြတ်သန်းမှုတွေ ရှိခဲ့ပါတယ်။ မိတ်ဆွေတချို့ကတော့ ကျွန်မဘဝကို ပိုပြီးစိတ်ဝင်စားကြပါတယ်။ ကျွန်မရဲ့ ဖြတ်သန်းမှုတွေကို စာအုပ်အဖြစ်ရေးခိုင်းကြတာကြာပါပြီ။ အခု ကျွန်မအသက်ခြောက်ဆယ်ပြည့်ပါပြီ။ အခုဟာတွေဟာ နှစ်ခြောက်ဆယ်စာ ဖြတ်သန်းမှုရဲ့ အသိအမြင်၊ ခံစားမှု၊ အယူအဆ၊ ဆုံးဖြတ်ချက်တွေကို ချရေးပြနေတာပါ။ ကျွန်မရဲ့ဖြတ်သန်းမှု(သို့) ကျွန်မရဲ့ဘဝ(သို့) ကျွန်မရဲ့ အတ္ထုပ္ပတ္တိကို ဘယ်လိုဘယ်ပုံ ရေးရမယ်ဆိုတာကို စိတ်ကူးပုံကြမ်းဖော်နေတာတော့ကြာပါပြီ။ ငွဲ့ညှာထောက်ထားစရာတွေကလည်း ရှိနေပါသေးတယ်။ တစ်ချိန်မှာတော့ ရေးဖြစ်မလား မပြောတတ်ဘူး။ ဆက်ပြီး အသက်ရှင်နေထိုင်ဖို့

mgyoe.com

mgyoe.com



အချိန်ကလည်း နည်းလွန်းနေတော့ . . . ။

* * *

'ငှလင့်ရောင်ခြည်' အမျိုးမျိုးအကြောင်းကို ဆက်ရေးရပါဦးမယ်။ မိန်းမတွေရဲ့ အချစ်ဆိုတာဟာ ငှလင့်ရောင်ခြည်အမျိုးအစားဖြစ်ကြောင်း ဆိုခဲ့ပြီးပါပြီ။ ဒီနေရာမှာတွဲပြီး ရှင်းပြချင်တာလေး တစ်ခုရှိပါတယ်။ နိုင်ငံဒေသတွေမတူတဲ့အတွက် မိန်းမတွေရဲ့စရိုက်တွေလည်း မတူကြပါဘူး။ ဟိုနိုင်ငံတွေမှာက 'လွတ်လပ်ခွင့်ပေးလွန်းသောလူ့အဖွဲ့အစည်း' ပါ။ ဒီနိုင်ငံမှာကတော့ 'စနစ်ကျသောလူ့အဖွဲ့အစည်း'ပါ။ ရံခါမှာတော့ 'စောင့်ထိန်းလူ့အဖွဲ့အစည်း' တို့ 'သမားစဉ် လူ့အဖွဲ့အစည်း' တို့ကိုလည်းတွေ့နိုင်ပါတယ်။

ရှေ့ပိုင်းက 'မိန်းမနဲ့အချစ်' ဆိုတဲ့ခေါင်းစဉ်အောက်မှာလည်း ပြောခဲ့ပြီးပါပြီ။ 'မြန်မာအမျိုးသမီးတွေဟာအရှက်အကြောက်ကြီးတဲ့အတွက် မဖြစ်သင့်တာတွေ ဖြစ်ကြရတယ်။ အနောက်နိုင်ငံမှာဆိုရင် ပွင့်လင်းလွတ်လပ်တဲ့အတွက် ကြိုက်တဲ့ ယောကျာ်းလေးနဲ့ ကြိုက်တဲ့အချိန်မှာချစ်နိုင်ကြိုက်နိုင်တယ်။ လူကြီးတွေကလည်း လွှတ်ပေးထားတယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် ကိုယ်နှစ်ခြိုက်တဲ့ယောကျာ်းနဲ့ အတူအိပ်ခွင့်၊ အတူနေခွင့်၊ ကလေးမွေးခွင့်တွေတောင်ရတယ်။ လက်ထပ်စရာ မလိုသေးဘူး. . .'

mgyoe.com

mgyoe.com



ဆိုပြီး ရေးခဲ့ပြီးပါပြီ။ အခုနည်းနည်း ထပ်ရှင်းပါဦးမယ်။

ဒီစကားတွေဟာ အနောက်နိုင်ငံက ဗီဒီယိုကားတွေကိုကြည့်ပြီး သူတို့ရဲ့ယဉ်ကျေးမှုက ဒီလိုနေမှာပဲလို့ အတွေးပေါက်မိပြီး ကာမဆန္ဒအားကြီးတဲ့ ယောကျ်ားလေးတွေတောင့်တမိတဲ့ ဆန္ဒကနေ ပေါ်ထွက်လာတဲ့မကားတွေပါ။ သူတို့တွေ ဘယ်ကနေဘယ်လို ကြားလာကြတယ်ဆိုတာကိုတော့ မသိပါဘူး။ 'ဟိုနိုင်ငံတွေမှာက အိုးပင်းဆိုဆိုက်ရတီ (Open Society) ဆိုတော့နေရတာ မိုက်တယ်ကွ၊ ဒီမှာကတော့ကွာ ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရနဲ့ ချုပ်ချယ်မှုတွေ များလွန်းတယ်ကွာ...' တဲ့။ (Open Society) ဆိုတာက သူတို့တွေးထင်သိထားသလိုမျိုး လုပ်ချင်ရာ လုပ်ခွင့်ရနေတာမျိုး မဟုတ်ပါဘူး။ တကယ်တမ်းကျတော့ သူတို့သေသေချာချာနားမလည်ကြလို့ ပြောနေတာပါ။

(Open Society) ဆိုတာက ကြိုက်တဲ့ဘာသာကိုးကွယ်ခွင့်၊ ကြိုက်တဲ့အယူဝါဒထားပိုင်ခွင့်၊ လက်နက်ကုန်သည်ပဲ လုပ်လုပ်၊ လောင်းကစားဒိုင်ဖွင့်ဖွင့်၊ ပြည့်တန်ဆာခန်းထောင်ထောင်၊ ကိုယ်ကြိုက်တဲ့ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ခွင့်၊ ကန့်သတ်နယ်မြေကလွဲလို့ ကြိုက်တဲ့နေရာမှာ စင်ထိုးပြီးတရားဟောပိုင်ခွင့်၊ ဝန်ကြီးဖြစ်ဖြစ်၊ သမ္မတဖြစ်ဖြစ် ဘယ်သူ့ကိုမဆို ကိုယ်မကြိုက်ရင် မကြိုက်တဲ့အကြောင်း ဆန္ဒပြပိုင်ခွင့်၊ အစရှိသဖြင့် ပိုင်ခွင့်အမျိုးမျိုးကိုဆိုလိုတာပါ။ ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်ခွင့်ရကြတာ

mgyoe.com

mgyoe.com


မျိုး မဟုတ်ပါဘူး။ သူတို့ရဲ့ (Open Society) မှာလည်း အားနည်းချက်တွေ အများကြီး ရှိပါတယ်။ ရှင်းပြနေရင် စာတစ်အုပ်စာလောက်ရှိတာမို့ ထားလိုက်ပါတော့။

အခုနောက်ပိုင်းမှာတော့ (Open) အသစ်အမျိုးမျိုး ပေါ်လာပါတယ်။ open society, open market, open culture, open dialouge, open . . . , open . . ၊ အစရှိသဖြင့် အိုးပင်းတွေ များလာပါတယ်။ သူ့အဓိပ္ပာယ်နဲ့သူ ရှိပါတယ်။ ထားပါတော့၊ (Open Society) ဆိုတာမှာ တောင် အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ပြောင်းလာပါတယ်။ ပွင့်လင်းလွတ်လပ်တဲ့ လူ့အဖွဲ့အစည်းဆိုတာဟာ ဘယ်လို ဘာသာတရား၊ အယူဝါဒမျိုးကိုမဆို ဘာအခုအခံမှမရှိဘဲ နားထောင် ဆွေးနွေးနိုင်တာ၊ ဘယ်ယဉ်ကျေးမှု မျိုးကိုမဆို ကြိုက်သလို ပြောင်းလဲကျင့်သုံးနိုင်တာ၊ ဘယ်အတွေး အခေါ်မျိုးကိုမဆို လက်ခံကျင့်သုံးနိုင်တာ အစရှိသဖြင့် ပြောင်းလဲခဲ့ပြီဖြစ်ပါတယ်။

'လွတ်လပ်ခွင့်ပေးလွန်းသော လူ့အဖွဲ့အစည်း' ဆိုတာက ပါမစ်ဆစ်ဆိုဆိုက်ရတီ Permissive society ကို ဆိုလိုတာပါ။ သူတို့ ဆီက နယ်ပယ်အသီးသီးကို ခြုံကြည့် ရင် အဲဒီသဘာဝကို တွေ့နိုင်ပါတယ်။ ဒါပေမဲ့ စည်းကမ်း တွေ၊ ဥပဒေတွေလည်း ရှိပါတယ်။ အထူးသဖြင့် ထင်ထင် ရှားရှားတွေ့နိုင်တာကတော့ မိဘနဲ့သားသမီးဆိုတဲ့ နယ် ပယ်မှာပါပဲ။ သူတို့ဆီက မိဘတွေဟာ သူတို့ရဲ့သားသမီး

mgyoe.com

mgyoe.com



တွေကို လွတ်လပ်ခွင့်ပေးလွန်းပါတယ်။ အမိက ဘာကို လွတ်လပ်ခွင့်ပေးတာလဲဆိုရင် လိင်ပိုင်းဆိုင်ရာကိစ္စပါ။ အရွယ်ရောက်လာတဲ့ သားသမီးတစ်ယောက်ကို (အသက် ဘယ်လောက်မှာပဲဖြစ်ဖြစ်) ဆန္ဒကျင်ဘက်လိင်ရဲ့ ထိတွေ့ဆက်ဆံမှုကို ခွင့်ပြုပါတယ်။ ကပွဲတွေသွားပြီးတွဲက၊ ဖက်ရမ်းနမ်းရှုံ့ရုံတင်မက သဘောကျရင် ကျသလို အိပ်ခန်းထဲအထိပါ ရောက်သွားကြတဲ့ သားသမီးတွေကို အခုအခါမှာတော့ မိဘတွေက ရင်တမမနဲ့ ကြည့်နေကြရပါပြီ။

လူသားတွေရဲ့သဘာဝအရ ပေးထားတဲ့ လွတ်လပ်ခွင့်ကို အခွင့်ကောင်းယူပြီး လွတ်လပ်ခွင့်ကို မြှင့်တင်လာလိုက်တာဟာ အစွမ်းကုန်နေပါပြီ။ အဲဒါတွေကြောင့် သူတို့ရဲ့လူ့အဖွဲ့အစည်းမှာ အနုတ်လက္ခဏာတွေ ပြလာပါတယ်။ ဆယ်စုနှစ်ပေါင်းများစွာလည်း ကြာခဲ့ပြီဆိုတော့ အဲဒီဆိုးကျိုးတွေကိုလည်း သည်းမခံနိုင်ကြတော့ပါဘူး။ အဲဒီအတွက် လူမှုပညာရှင်တွေကလည်း ဝိုင်းဝန်းအဖြေရှာနေကြပါတယ်။ ငယ်စဉ်ကလေးဘဝ ကစားနည်းတွေက စလို့ ပြေလှန်ပြီးပြောင်းလဲရမည့် သဘောဖြစ်နေပါတယ်။ ဒီနိုင်ငံက ယောကျ်ားလေးတွေ အားကျတာက အဲဒီ ပါမစ်ဆစ်ဆိုဆိုက်ရတီကိုပါ။ သူတို့နိုင်ငံတွေမှာ ဒုက္ခများနေကြတာကို ဒီနိုင်ငံက ယောကျ်ားလေးတွေက မသိကြလို့ ပြောနေကြတာပါ။ အိုင်ဒီယာတစ်ခု မှားယွင်းသွားရင် နိုင်ငံ

mgyoe.com

mgyoe.com



တစ်နိုင်ငံဟာ ဆယ်စုနှစ်ပေါင်းများစွာ ဒုက္ခခံရတတ်ပါတယ်။ ရာစုနှစ်နဲ့ချီပြီး ခံရရင်လည်း ခံရနိုင်ပါတယ်။ ပြောလို့ မရပါဘူး။

ထားပါတော့ ...။ ဒီအကြောင်းတွေကိုပြောရရင် အရှည်ကြီးပါပဲ။ ကိုယ်လည်းတတ်လွန်းလို့ ရှင်းပြတာတော့မဟုတ်ပါဘူး။ ဖတ်ဖူးသမျှတွေနဲ့ ဘဝအတွေ့အကြုံတွေကို ရောသမမွှေလိုက်ရာကနေထွက်လာတဲ့ အသိအမြင်တွေပါ။ 'မိန်းမနဲ့အချစ်' ရယ် 'ငံ့လင့်ရောင်ခြည်အမျိုးမျိုး' ရယ်ကို ရှင်းရင်းကနေ ဆက်စပ်ရှင်းပြနေတာတွေ များသွားရင် လမ်းချော်မှာစိုးလို့ ပြောလက်စကိုပဲ ဆက်ပြီးပြောတာ ပိုကောင်းပါတယ်။ မိန်းမတွေရဲ့အချစ်ဟာ ငံ့လင့်ရောင်ခြည်အမျိုးအစားဖြစ်ကြောင်း၊ ယောကျ်ားလေးတွေကို ငံ့လင့်ကြောင်း၊ ငံ့လင့်မှုထဲမှာ ဆာလောင်မှုပါဝင်နေကြောင်း ပြောခဲ့ပြီးပါပြီ။

## ငံ့လင့်ရောင်ခြည်နှင့် ဆာလောင်မှု

မိန်းမတွေရဲ့အချစ်က 'ငံ့လင့်ရောင်ခြည်' အမျိုးအစားဖြစ်ကြောင်း ပြောခဲ့ပြီးပါပြီ။ အဲဒီတော့ မိန်းမတွေရဲ့အချစ်ဟာ 'ဆာလောင်အချစ်' လို့ ထင်မှတ်မှားနိုင်ပါတယ်။ ဆာလောင်မှုနဲ့ပတ်သက်ပြီး ရှေ့ပိုင်းမှာ နည်းနည်းပြောခဲ့ပြီး

mgyoe.com

mgyoe.com



ပါပြီ။ မိန်းမတွေဟာ ကာမဆန္ဒပိုအားကြီးတယ်ဆိုတဲ့ မှတ်ချက်မျိုးကို ယောကျ်ားတွေက ပေးတတ်ကြပါတယ်။ ဒီနေရာမှာ အကြောင်းတိုက်ဆိုင်တဲ့အတွက် ပူးတွဲပြီး ရှင်းလိုက်ချင်ပါသေးတယ်။

မိန်းမဆိုတာဟာ 'လူ' ပါပဲ။ ယောကျ်ားတွေမှာရှိတဲ့ 'လိင်စိတ်ဆန္ဒ' ဟာ မိန်းမတွေမှာလည်း ရှိပါတယ်။ အတူတူပါပဲ။ ဒါပေမဲ့ ယောကျ်ားတွေဟာ 'ရှာဖွေရောင်ခြည်' အသွင်ဖြစ်တဲ့အတွက် ဆန္ဒဖြေဖျောက်မှုမျိုးစုံကို လွတ်လွတ်လပ်လပ်ရရှိပါတယ်။ မိန်းမတွေမှာတော့ ခပ်ချောချော ယောကျ်ားလေးတစ်ယောက်ကို ကြည့်ချင်တာတောင်မှ ယောကျ်ားတစ်ယောက်လို ရဲရဲတင်းတင်း မကြည့်ရဲပါဘူး။ ခိုးကြည့်ရပါတယ်။ ကိုယ့်ရဲ့ဆန္ဒကို ချိုးနှိမ်ထားရပါတယ်။ ကိုယ့်ဆန္ဒရဲ့တစ်ဝက်လောက်နဲ့ပဲ ကျေနပ်ရပါတယ်။ ယောကျ်ားလေးတွေကတော့ မိန်းမတွေကို ကျကျနနကြည့်ခွင့်ရကြပါတယ်။ အဲဒီတော့ သူတို့ရဲ့ဆန္ဒက ပြည့်စုံကျေနပ်သွားကြတော့တာပေါ့။

ဆေးပညာရှုထောင့်ကနေ ရေးပြထားတဲ့ 'ဖိုမသဘာဝ' စာအုပ်တို့၊ 'လိင်စိတ်ဆန္ဒ' တို့၊ 'လိင်သဘာဝသမိုင်း' တို့၊ 'လိင်ပညာပေး' တို့ အစရှိတဲ့ စာအုပ်တွေကို မိန်းမတွေလည်းပဲ ဖတ်ချင်ပါတယ်။ ဒါပေမဲ့ ဒီနိုင်ငံမှာရှိတဲ့ ယဉ်ကျေးမှုက မိန်းမတွေကို ကန့်သတ်ထားတယ်။ အဲဒီလို စာအုပ်မျိုးတွေကို မိန်းမတစ်ယောက် ဖတ်နေတာမြင်ရင်

mgyoe.com

mgyoe.com



ယောကျ်ားလေးတွေက တစ်မျိုးထင်ကြမှာစိုးတဲ့ အတွက် မဖတ်ရဲကြပါဘူး။ အိမ်မှာလည်း အမိအဘ၊ အစ်ကိုမောင်၊ ဘကြီး၊ ဦးလေး တစ်ဦးဦးရှိနေတဲ့အတွက် ခိုးမဖတ်ရဲကြပါဘူး။ ကျောင်းမှာလည်း မဖတ်ရဲ၊ စာကြည့်တိုက်မှာလည်း မဖတ်ရဲကြပါဘူး။ အဲဒီတော့ အဲဒီလိုဖတ်ချင်၊ သိချင်တဲ့ ဆာလောင်မှုကို ဘယ်လိုနည်းနဲ့ဖြေဖျောက်ခွင့်ရနိုင်ပါမလဲ။ (ဆေးကျောင်းသူတွေကတော့ တစ်မျိုးပေါ့)

ဒီလိုဆာလောင်မှုတွေကို ဒီနိုင်ငံမှာကတော့ အအုပ်အထိန်းနဲ့ ကြပ်မတ်ကြတယ်။ အဲဒီဆာလောင်မှုဟာ တဒင်္ဂပါပဲ။ ကြပ်မတ်ခံလိုက်ရတဲ့အခါမှာ ပျောက်ပျက်သွားကြပါတယ်။ ဒါပေမဲ့ အရွယ်ရောက်ပြီးတဲ့အခါမှာတော့ ဖြည်းဖြည်းချင်းနဲ့ လွတ်ပေးလာပါတယ်။ အသိပညာဗဟုသုတလည်းရှိပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း စောင့်ရှောက်ထိန်းသိမ်းနိုင်ပြီ။ ဆင်ခြင်တုံတရားလည်း အထိုက်အလျောက်ရှိပြီဆိုတဲ့ အရွယ်ကျမှလွှတ်ပေးတာပါ။ ဒါတောင်မှ ပြည့်ပြည့်ဝဝလွှတ်ပေးတာမျိုး မဟုတ်ပါဘူး။ အဲဒီရဲ့ အကျိုးဆက်ကတော့ မြန်မာမိန်းကလေးတွေဟာ ဆာလောင်မှုတွေကို ထိန်းချုပ်တတ်လာကြတာပါပဲ။

အအုပ်အထိန်းကောင်းကောင်းမရှိတဲ့ အမျိုးသမီးတွေကျတော့ ပရမ်းပတာနဲ့ ဖြစ်ချင်ရာတွေ ဖြစ်ကုန်ကြတာကို တွေ့ရပါလိမ့်မယ်။ ဒါပေမဲ့ အဲဒါဟာ အနည်းစုမျှသာပါပဲ။ မြန်မာအမျိုးသမီးတွေရဲ့ဘဝဟာ အရမ်းကိုနူးညံ့

mgyoe.com

mgyoe.com



သိမ်မွေ့ပြီး ချစ်စရာကောင်းလှပါတယ်။ နိုင်ငံခြားသား တွေဆိုရင် တော်တော်အံ့သြကြပြီး နှစ်ခြိုက်ကြတာကို အများကြီးတွေ့ဖူးပါတယ်။ အိမ်ထောင်ကျပြီးသွားတဲ့ အမျိုးသမီးတွေထဲမှာ ကာမအရသာဟာ ဘယ်လိုမှန်း အခုထိ မသိသေးဘဲ နဲ့ ကလေးသုံးယောက်ရှိနေပြီဆိုတဲ့ အမျိုးသမီးတွေကို အများကြီးတွေ့ဖူးပါတယ်။ ဒီနိုင်ငံမှာက ကိုယ့်ရဲ့လင်ကို မိန်းမတွေက အစ်ကိုလို၊ အဖေလို အားကိုး ပြီး ချစ်ကြတာကိုး။ သားကို သခင်၊ လင်ကို ဘုရားလို့ သဘောထားကြတာကိုး။ ဟိုနိုင်ငံတွေမှာတော့ လင်ကို မိတ်ဆွေလို ဘော်ဒါပေါင်း ပေါင်းကြတာကိုး။

အဲဒီလို အမျိုးသမီးမျိုးတွေဖြစ်ကြတဲ့အတွက် လင်တွေက အရမ်းကိုလုံခြုံပြီး စိတ်ချကြရတာပေါ့။ ဒါ့ကြောင့်မို့လည်း ရှာလို့ဖွေလို့ရသမျှ မယားကိုပုံအပ်ကြ တာပေါ့။ ဒါ့အပြင် လုပ်ပိုင်ခွင့်တွေလည်း အများကြီးရကြပါ တယ်။ မယားလုပ်သူကလည်း အချိန်ရှိသမျှ ဒီလင်နဲ့ ဒီသားသမီးတွေအတွက်ပဲ စဉ်းစားနေပါတယ်။ သူ့အတွက် ကတော့ လင်က ဆင်သမျှနဲ့ ကျေနပ်ပီတိဖြစ်နေတတ်ကြ တဲ့ အမျိုးအစားပါ။ ဒါကြောင့် လင်ကွာ၊ မယားကွာအမှု တွေမှာ လက်ထက်ပွားပစ္စည်းကို ထက်ဝက်ခွဲဝေယူကြရပါ တယ်။ ဒါဟာ မြန်မာ့ယဉ်ကျေးမှုကနေ မြစ်ဖျားခံလာတဲ့ ဥပဒေတွေပါပဲ။ ဒါတင်မကသေးပါဘူး။ လင်ရဲ့ဝင်ငွေ အပေါ်မှာ မူတည်ပြီး မယားစရိတ်ဆိုဟာမျိုးကလည်း

mgyoe.com

mgyoe.com



လစဉ်၊ နှစ်စဉ်ပေးရပါသေးတယ်။

ဒီစာစုတွေထဲမှာ အိမ်ထောင်ရှင်ဘဝတွေကို သိပ်မရေးချင်ပေမဲ့ တစ်ခွန်းတော့ အနားသတ်လိုက်ချင်သေးတယ်။ အိမ်ထောင်သည်ဘဝ အမျိုးသမီးတွေဟာလည်းပဲ သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ပါ။ သူတို့မှာလည်းပဲ ကာမဆန္ဒဖြစ်ပေါ်ခွင့်ရှိပါတယ်။ ဒါပေမဲ့ ကိုးဆယ်ကိုးရာခိုင်နှုန်းက ပေါ်ပေါ်ထင်ထင် မတောင်းဆိုရဲကြဘူး။ လင်ရယ် မယားရယ်ဖြစ်ပြီးတဲ့အချိန်အထိ ကိုယ့်လင်ယောကျ်ားက ကိုယ့်ကိုတစ်မျိုးထင်သွားမှာ စိုးရိမ်နေကြပါသေးတယ်။ မူယာမာယာနည်းနည်းလောက်ပဲပြနိုင်ကြတာပါ။ ဒါကို အလိုက်မသိတတ်တဲ့ လင်ယောကျ်ားတွေနဲ့တွေ့တဲ့အခါမှာ ဖက်လုံးကိုပဲဖက်ပြီး အိပ်ရတဲ့ ညပေါင်းဟာ မရေမတွက်နိုင်ပါပဲ။ အအုပ်အထိန်းကောင်းကောင်းနဲ့ ကြီးပြင်းလာကြတဲ့ အမျိုးသမီးတွေရဲ့ ဆန္ဒထိန်းချုပ်နိုင်စွမ်းကို ကောင်းကောင်းကြီးအသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

'ငှံလင့်ရောင်ခြည်အမျိုးမျိုး' ဆိုတဲ့ ခေါင်းစဉ်ခွဲအောက်မှာ အိန္ဒြေကြီးကြီးနဲ့ ချစ်တတ်ကြတဲ့ မိန်းမအကြောင်းကို ရှင်းခဲ့ပြီးပါပြီ။ ဆက်ရေးမည့် နောက်ထပ်အမျိုးအစားတွေမတိုင်ခင် ကြားဖြတ်ပြီး ရှင်းစရာရှိတာလေးတွေ ကြိုရှင်းပြီးပါပြီ။ ဆက်ဖတ်မည့်အကြောင်းအရာတွေကို 'မြန်မာအမျိုးသမီးအများစုရဲ့ စရိုက်သဘာဝ' နဲ့ ယှဉ်တွဲစဉ်းစားပြီး ဖတ်စေချင်ပါတယ်။

mgyoe.com

mgyoe.com



အချို့မိန်းကလေးတွေဟာ အအုပ်အထိန်းကောင်းကောင်း မခံရကြရှာဘူး။ အဲဒီအတွက် ငယ်စဉ်ကတည်းက စပြီး ယောကျ်ားလေးတွေနဲ့ လက်ပွန်းတတီးနေထိုင်ဆက်ဆံကြတယ်။ အချို့မိဘတွေဆိုရင် ပညာကလည်း မတတ်။ စားဝတ်နေရေးလည်း ဆင်းရဲကြတဲ့အပြင် ဆုံးမသွန်သင်တာလည်း မတတ်တဲ့အတွက် သူကို့ရဲ့ ကလေးတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ပဲ ပြည့်တန်ဆာဖြစ်သွားကြတာတွေကိုလည်း တွေ့ဖူးပါတယ်။ ကမ္ဘာပေါ်မှာ ပြည့်တန်ဆာ မရှိတဲ့နိုင်ငံ မရှိဘူးလို့ထင်ပါတယ်။

အခေါ်အဝေါ်ကိုက 'ပြည့်' တန်ဆာတဲ့။ ရှိတာပိုကောင်းတဲ့ သဘောကိုဆောင်ပါတယ်။ ဗုဒ္ဓဘုရားရှင်လက်ထက်က ပြည့်တန်ဆာတွေရဲ့အကြောင်းကိုလည်း ဖတ်ဖူးပါတယ်။ ရွှေဒင်္ဂါးထောင်ထုပ်ပေးနိုင်တဲ့ မင်းညီမင်းသား၊ သူဌေးသူကြွယ်၊ မှူးကြီးမတ်ရာတွေပဲ ကပ်လို့ရတဲ့ အမျိုးအစားပါ။ အိမ်ကြီးရခိုင်မှာ ချွေရံသင်းပင်းတွေနဲ့ နေထိုင်ကြတဲ့ ပြည့်တန်ဆာတွေပါ။ ယောကျ်ားတစ်ယောက်ယောက်ကိုယူလိုက်ရင် အဲဒီယောကျ်ားဟာ အသက်အန္တရာယ်ရှိတဲ့ အတွက် ယောကျ်ားအားလုံးကို မျှဝေပေးနေရလောက်အောင် ချောလွန်းလှလွန်းတဲ့ ပြည့်တန်ဆာတွေပါ။ ပညာမတတ်လို့၊ ဆင်းရဲကြလို့ မဟုတ်ပါဘူး။ မလွှဲမရှောင်သာတဲ့ သူတို့ရဲ့ဘဝပေးအခြေအနေ အရပ်ရပ်ကြောင့်ပါ။

mgyoe.com

mgyoe.com



ပြည့်တန်ဆာတွေရဲ့ဘဝကို စောင့်ကြည့်လေ့လာဖူးပတယ်။ အများစုမှာ ရှိကြတဲ့တူညီတဲ့အချက်ကတော့ ဆင်းရဲကြတာရယ်၊ ပညာမတတ်ကြတာရယ်၊ အအုပ်အထိန်းကောင်းကောင်း မရှိခဲ့တာရယ်ပဲ ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်ပဲ မူလတန်းပညာရေးကို မသင်မနေရဆိုပြီး ပြဋ္ဌာန်းထားတာလား မသိပါဘူး။ ဖြစ်နိုင်ရင် အလယ်တန်းနဲ့ အထက်တန်းကိုပါ မသင်မနေရ ဥပဒေပြဋ္ဌာန်းလိုက်စေချင်ပါတယ်။ ပညာမကတ်တဲ့ကလေးတွေဟာ ကြီးပြင်းလာရင် နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါတယ်။

ငွေကို လွယ်လွယ်ရ၊ လွယ်လွယ်သုံးပြီး အရွယ်ကျလာတဲ့ အခါကျတော့ ဘယ်သူမှမသုံးတော့လို့ ဒုံရင်းဒုံရင်းကို ပြန်ရောက်သွားကြတဲ့ ပြည့်တန်ဆာတွေ အများကြီးပါ။ သူတို့ရှာနိုင်ဖွေနိုင်တယ်ဆိုတာ ပျမ်းမျှဆယ့်ငါးနှစ်လောက်ပါပဲ။ နောက်ပိုင်းကျတော့ ချွတ်ခြုံကျဘဝနဲ့လောကကြီးကို နှစ်ပေါင်းလေးငါးဆယ်လောက် ကြုံသလို ဖြတ်သန်းကြရပါတော့တယ်။

အဲဒီပြည့်တန်ဆာတွေမှာ သိသိသာပြဋ္ဌာန်းနေတာကတော့ ဆင်ခြင်တုံတရား နည်းပါးကြတဲ့အချက်ပါပဲ။ ဒါပေမဲ့လည်း သူတို့တွေမှာ 'ဆာလောင်မှု' မရှိပါဘူး။ အံ့သြစရာပါပဲ။ နောက်တစ်ချက် က ဒီလိုဘဝမျိုးကိုလည်း မနှစ်ခြိုက်ကြပါဘူး။ ပုန်းလျှိုးကွယ်လျှိုးဘဝမျိုးမို့ လွတ်

mgyoe.com

mgyoe.com



လပ်ပျော်ရွှင်မှုလည်းမရှိပါဘူး။ အဲဒီဝင်ငွေမျိုး ကိုလည်း အခြားနည်းနဲ့ မရှာတတ်ပါဘူး။ ကြာလာတော့လည်း ရုန်းမထွက်ရဲတော့ဘဲ နစ်သွားကြတာမျိုးပါ။

မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတွေ အောက်မှာ နေထိုင်ကြီးပြင်းလာရတဲ့ 'ပြည့်တန်ဆာ' တွေ တောင်မှ ပတ်ဝန်းကျင်ကနေ ထိန်းချုပ်တာကို ကောင်း ကောင်းကြီးခံရပါတယ်။ ဒါဟာ ဒီနိုင်ငံရဲ့အားသာချက်ပါ။ ဒါမျိုး လုပ်စားနေတယ်ဆိုတာ ပတ်ဝန်းကျင်ကို အသိ မပေးရဲပါဘူး။ ဟိုနိုင်ငံတွေမှာလို သတင်းစာကနေ ကြော်ငြာထည့်ဖို့ကတော့ ဝေးရောပါပဲ။ ဒီမှာကတော့ မိဘရော၊ သမီးရော၊ အခြေအနေရော တော်တော်ကြီးကို ညံ့လွန်းမှသာ ဒီလိုဘဝရောက်ကြရတာပါ။ ပိုက်ဆံသိန်းချီ ပေးရတဲ့ ပြည့်တန်ဆာ ချောချောလှလှတွေကိုရော ဘယ်လို ပြောမလဲလို့ မေးလာရင်လည်း ဒီအတိုင်းပဲ ပြောရမှာပါ။ ဝတ်ကောင်းစားလှတွေဝတ်၊ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ ဟန်းဖုန်း တွေကိုင်ထားကြပြီးတစ်ကြိမ်ကို တစ်သိန်း၊ တစ်သိန်းခွဲ၊ နှစ်သိန်းပေးရတဲ့ ပြည့်တန်ဆာအချောအလှတွေကို လည်း တွေ့ဖူးပါတယ်။ ဒါပေမယ့်လည်း နေ့တိုင်းဝင်နေကြတာမျိုး မဟုတ်ပါဘူး။ ခေါင်သူကြီးကိုလည်း တစ်ဝက်ခွဲပေးရပါ သေးတယ်။ သူတို့လည်းပဲ ပုန်းလျှိုးကွယ်လျှိုးဘဝပါပဲ။

ဒါပေမဲ့လည်း သူတို့မှာ အသီးသီးအသက ချစ်သူ ကိုယ်စီရှိနေကြပါတယ်။ ဒါဟာလည်း အံ့သြစရာတစ်ခု

mgyoe.com

mgyoe.com



ပါပဲ။ တော်တော်များများ သူတို့ရဲ့ချစ်သူတွေဟာ သူတို့ ဒါမျိုးလုပ်စားတာကို မသိကြပါဘူး။ အချို့ဆိုရင် အတည် အခန့် အိမ်ထောင်တွေ ဘာတွေပြုပစ်လိုက်ကြပါတယ်။ ဆက်ပြီး လုပ်မစားကြတော့ပါဘူး။ သူတို့ရဲ့ချစ်သူတွေ ဟာ ငွေကြေးအတန်အသင့်ချောင်လည်ကြတော့ အဲဒီ ရည်းစားရဲ့ အထောက်အပံ့နဲ့ စတိုးဆိုင်လေးတွေ၊ ကုန်စုံ ဆိုင်လေးတွေဖွင့်ကြ၊ အချို့လည်း ယောကျ်ားရဲ့စီးပွားရေး ထဲ ဝင်လုပ်ကြနဲ့ အဆင်ပြေသွားကြတာကိုလည်း တွေ့ဖူး ပါတယ်။

အဲဒီပြည့်တန်ဆာတွေရဲ့ အချစ်ဟာလည်း 'ငံ့လင့် ရောင်ခြည်' ပါပဲ။ ယောကျ်ားတကာနဲ့ စပ်ယှက်နေရပေမဲ့ လည်း သူတို့ နှစ်သက်ချစ်ခင်နိုင်မည့် ယောကျ်ားကို ငံ့လင့် ကြရတာပါပဲ။ အဲဒီငံ့လင့်မှုက 'လိင်စိတ်ဆန္ဒ' အတွက် မဟုတ်ကြပါဘူး။ မိန်းမတွေဟာ ကိုယ်ချစ်တဲ့ယောကျ်ား လေးနဲ့သာလျှင် သာယာတတ်ပါတယ်။ အဲဒီအတွက် မိန်းမတွေရဲ့ 'ဆာလောင်မှု' ဆိုတာဟာ 'လိင်စိတ်ဆန္ဒ' အတွက် သက်သက်မဟုတ်ကြောင်း သဘောပေါက် လောက်ပါပြီ။

'မိန်းမတွေအကြောင်း' ရေးနေပေမဲ့ ဒီနေရာမှာ ယောကျ်ားလေးတွေအတွက် ဖြတ်ပြီးသတိပေးလိုက်ချင် တာလေး ရှိနေပါတယ်။ ပြည့်တန်ဆာတွေရဲ့အချစ်ဟာ ဂနာမငြိမ်ပါဘူး။ ကြွေလည်း နည်းပါတယ်။ ငွေကြေး

mgyoe.com

mgyoe.com



အပေါ်မှာလည်း ဇာစ်ဝက်မက မူတည်နေပါတယ်။ သူတို့ ရှာနိုင်ဖွေနိုင်နေခိုက်မှာ သူတို့ကတောင် ပြန်ပေးနိုင်ပါတယ်။ အိမ်ထောင်ပြုပြီးသွားတဲ့နောက်မှာ သူတို့အတွက် ငွေကြေးက ကြီးကြီးမားမားပြဿနာတတ်ကြောင်းသတိထားပါ။ ယောကျ်ား လေးလုပ်သူက မရှာနိုင်မဖွေနိုင်တော့တဲ့အခါမှာ လင်ကိုအများကြီးနိုင် စားတတ်ပါတယ်။ သူတို့တွေက လည်း ကောင်းကောင်းစီးပွားရှာတတ်တဲ့ အမျိုးအစား မဟုတ်ပါဘူး။ သမီးရည်းစားဘဝမှာတင်ပဲ အရှက် အကြောက်နည်းတာကို သတိထားမိရင် သိသာနိုင်ပါ တယ်။ အပြောအဆိုလည်း ကြမ်းပါတယ်။ ဒါတင်မကပဲ အများစုက ပျင်းတတ်ကြပါတယ်။ ငွေကြေးအဆင်ပြေရင် တော့ သာယာတဲ့ အိမ်ထောင်ရေးသုခကို ရပါလိမ့်မယ်။

မျက်စိကစားတဲ့မိန်းကလေး၊ လျှပ်ပေါ်လော်လည် တဲ့ မိန်းကလေး၊ ကြွနွေနည်းတဲ့မိန်းကလေး၊ အပြော အဆိုကြမ်းတဲ့ မိန်းကလေး၊ ငွေမက်တဲ့မိန်းကလေးတွေကို ယောကျ်ားလေးတွေက တစ်မျိုးထင်ကြ၊ မြင်ကြပါတယ်။ အဲဒီအထင်နဲ့အမြင်ဟာ မိန်းကလေးတွေအတွက် နစ်နာ နိုင်ပါတယ်။ ယောကျ်ားကောင်းတစ်ယောက်ကိုလည်း ဆုံးရှုံးရတတ်ပါတယ်။ အဲဒီအတွက် လူကြီးသူမတွေက အဲဒီလိုတွေမဖြစ်အောင် ငယ်ငယ်ကတည်းကစပြီး ဆုံးမ သွန်သင်ကြ ရပါတယ်။ ယောကျ်ားလေးတွေကလည်း အဲဒီအချက်အလက်တွေကို အရင်ဆုံးကြည့်ရှုလေ့လာ

mgyoe.com

mgyoe.com



ကြပါတယ်။

နောက်ထပ် 'ငုံလင့်ရောင်ခြည်' တွေအကြောင်းကို ဆက်ပါဦးမယ်။ အချို့မိန်းမတွေဟာ အစွန်းရောက်အချစ်နဲ့ ချစ်တတ်ကြပါတယ်။ သူတို့ရဲ့ ချစ်သူတွေဟာ ဘယ်လို ယောကျ်ားလေးမျိုးမဆို ဖြစ်နိုင်ပါတယ်။ ရုပ်ဆိုးတဲ့ ယောကျ်ားလေးတွေကိုလည်း ချစ်နိုင်စွမ်း ရှိကြပါတယ်။ လောကကြီးမှာ ဒီယောကျ်ားပဲရှိတော့တယ်လို့ ထင်မှတ်မှား ရလောက်အောင် အချစ်သည်းတတ်တဲ့ မိန်းမပါ။ သူတို့ရဲ့ အချစ်တွေဟာ တည်တည်ငြိမ်ငြိမ်နဲ့ ကြွေမြဲမရှိလှပါဘူး။ သူ့ရည်းစား/ ယောကျ်ားနဲ့ဆိုရင် ပျာယာခတ်နေတာပါပဲ။ မျက်စိကို နောက်ချင်စရာပါ။

သဝန်တိုတဲ့စိတ်ကလည်းကြီးပါတယ်။ သူ့ချစ်သူ နဲ့အတူ အမြဲတမ်း တပူးတွဲတွဲရှိနေချင်တတ်တဲ့ မိန်းမတွေ ပါ။ အခြားမိန်းကလေးတွေကို ကြည့်တာတောင် မကြိုက် ကြတဲ့ မိန်းမတွေပါ။ ယောကျ်ားလေးဖြစ်သူအတွက်တော့ အလွန်ကိုပဲ အနေကျပ်ကြရပါတယ်။ အဲဒီသဝန်တိုတတ် လွန်းတဲ့စိတ်ကြောင့်လည်း အမြဲတမ်းပြဿနာဖြစ်ကြရပါ တယ်။ သည်းခံခွင့်လွှတ်နိုင်မှုအားလည်း နည်းပါးတတ် ပါတယ်။ မိသားစုဘဝဆိုတာကို သိပ်နားမလည်ကြပါဘူး။ သူ့ ယောကျ်ားသာလျှင် သူ့ဘဝပါ။ ဘယ်လိုဆုံးဖြတ်ချက် မျိုးကိုမှ ပြတ်ပြတ်သားသား ခိုင်ခိုင်မာမာမချနိုင်ကြပါဘူး။ အသုံးနဲ့အဖြုန်းကိုလည်း ခွဲခြားနားမလည်ကြပါဘူး။

mgyoe.com

mgyoe.com



သူတို့နဲ့အိမ်ထောင်ကျသွားတဲ့ ယောကျ်ားတွေဟာ ကံကောင်းတာကနည်းနည်း၊ ကံဆိုးတာကများများ ဆိုသလိုမျိုး ဖြစ်ကြရပါတယ်။ အဲဒီယောကျ်ားလေးတွေနဲ့ ကွဲကွာသွားကြရပြီဆိုရင်လည်း နောက်ထပ် ဘယ်ယောကျ်ားလေးကိုမှလက်မခံတော့ဘဲ အပျိုကြီးဘဝ (သို့) မုဆိုးမ/တစ်ခုလပ်ဘဝနဲ့ပဲ အရိုးထုတ်ကြပါတော့တယ်။ နောက်တစ်မျိုးဖြစ်တတ်ကြတာကတော့ ဘယ်ယောကျ်ားလေးကိုမှ အထင်မကြီးကြတော့ဘဲ ယောကျ်ားလေးတွေကို အသုံးချခံ၊ အပန်းဖြေခံ၊ ဖျော်ဖြေခံလောက်သာ သဘောထားကြတော့တာကို တွေ့ရပါတယ်။ မိမိကိုယ်မိမိလည်း စောင့်ထိန်းခြင်း မရှိကြတော့ပါဘူး။

သမီးရည်းစားဘဝမှာ ကွဲကြကွာကြတာမျိုးဖြစ်ရင် နောက်ယောကျ်ားလေးတစ်ယောက်ထပ်ပြီး ချဉ်းကပ်လို့မရနိုင်တော့ပါဘူး။ ယောကျ်ားလေးတွေကိုလည်း တန်ဖိုးမထားတတ်ကြတော့ပါဘူး။ နှစ်ကြာလာတော့မှ အဲဒီစိတ်တွေ အနည်ထိုင်လာပြီး အခြားယောကျ်ားလေးတွေနဲ့ ရောနှောနိုင်လာပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မထိန်းသိမ်းတတ်ကြတော့တဲ့အတွက် အဲဒီအချိန်မှာပဲ ပျက်စီးစပြုနေပြီး ဖြစ်တတ်ပါတယ်။ နောက်ပိုင်းမှာ ယောကျ်ားလေးတွေနဲ့ ပိုပြီးတွဲဖြစ်လာပါတော့တယ်။ ဘယ်ရောက်ရောက်၊ ဘယ်ပေါက်ပေါက်၊ ဘာဖြစ်ဖြစ်ဆိုတဲ့ အခြေအနေမျိုးအထိပါပဲ။ အဲဒီကနေတစ်ဆင့်တက်ပြီး ဘယ်လိုမှ မထင်မှတ်လောက်

mgyoe.com

mgyoe.com



အောင် ပျက်စီးချင်တိုင်း ပျက်စီးသွားကြတဲ့သူတွေ အများကြီးပါပဲ။

အဲဒီလိုမိန်းမမျိုးဟာ လမ်းခုလတ်မှာ အိမ်ထောင်ကျသွားခဲ့ ရင်လည်းယောကျ်ားကို တန်ဖိုးမထားတတ်တဲ့စိတ်ကြောင့်ပဲ ပြဿနာဖြစ်ရတတ်ပါတယ်။ မိသားစု၁၁၀ ကိုလည်းနားမလည်၊ အသုံးနဲ့အဖြုန်းကိုလည်း မသိဆိုတော့ အိမ်ထောင်ရှင်ယောကျ်ားဟာ အလွန်ဒုက္ခရောက်ရပါတယ်။ နောက်ဆုံးမှာတော့ စလယ်ဝင် ဖင်မမည်းခင်ကကွဲကြကွာကြပါတော့တယ်။ အဲဒီအခါမျိုးမှာ အဲဒီမိန်းမရဲ့စရိုက်က ပိုပြီး ဆိုးလာပါတော့တယ်။ နောက်ထပ်ယောကျ်ားတစ်ယောက်ယောက်ကို ကောက်ယူလိုက်ဖို့လည်း ဝန်မလေးကြတော့ပါဘူး။ ထပ်ကွဲဖို့ကိုလည်း ဝန်မလေးတော့ပါဘူး။ ဒီလိုနဲ့ပဲ အဆုံးသတ်ဟာ မလှမပဖြစ်တတ်ကြရပါတယ်။

သမီးရည်းစားဘဝကို တက်လှမ်းကြတော့မည့်ယောကျ်ားလေးတွေနဲ့ ရည်းစားသနာရှိနေပြီဖြစ်တဲ့ယောကျ်ားလေးတွေအတွက် မေးခွန်းတစ်ခုပေါ်ပေါက်ပါတယ်။ အဲဒီလိုမိန်းမမျိုးဖြစ်ကြောင်း ဘယ်လိုဘယ်ပုံသိရှိနိုင်မလဲဆိုတဲ့ မေးခွန်းပါပဲ။ နတ်အကြိုက်နဲ့ ဓာတ်အခိုက်ဆိုသလိုပါပဲ၊ ယောကျ်ားလေးတစ်ယောက်မှာ ဘာမှန်းမသိတဲ့ အချက်လေးတစ်ချက်ကို သူတို့ နှစ်သက်စွဲလမ်းသွားပြီဆိုတာနဲ့ သူတို့ကစပြီး 'ချစ်ကြောင်း' ကို ပြသလာ

mgyoe.com

mgyoe.com



တာပါပဲ။ ဏ္ဍြွေတွေကို သိပ်မစောင့်စည်းနိုင်ပါဘူး။ မိန်းမ နောက်ပိုးဆိုသလိုမျိုးပါပဲ။ အဲဒီယောကျ်ားနဲ့ တွေ့လိုက်ရရင် ကိုပဲ မြူးနေတတ်ပါတယ်။ ပိုက်ဆံလည်း ရှိရင်ရှိသလို သုံးပစ်တတ်ပါတယ်။ အိမ်ထောင်မှုတွေကိုလည်း သိပ်စိတ် မဝင်စားတတ်ပါဘူး။ လက်ကြောလည်းမတင်းပါဘူး။ အပျင်းလည်းကြီးပါတယ်။ အဲဒီအချက်ကို သတိထားပြီး စောင့်ကြည့်ရင် တွေ့နိုင်မှာပါ။

အဲဒီလိုစောင့်ကြည့်နေရင်း သတိထားရမှာက မိန်းကလေးကစပြီး 'ချစ်ကြောင်း' ကို ပြသလာတယ်ဆို တာဟာ အစွန်းရောက်ချစ်တတ်တဲ့မိန်းမမျိုးတွေသာမက ဘဲ သာမန်မိန်းမတွေကလည်း စတင်ပြတတ်လာတယ် ဆို တာပါပဲ။ ဒါပေမဲ့ သာမန်မိန်းမတွေကတော့ သူတို့ထက် ပိုပြီးတော့ ဏ္ဍြွေတွေကို စောင့်ထိန်းနိုင်ပါတယ်။ သိပ်လည်း မမြူးကြပါဘူး။ ပိုက်ဆံကိုလည်း အသုံးမလွယ်ကြပါဘူး။ အိပ်ထောင်မှုကိစ္စတွေကိုလည်း အထိုက်အလျောက် စိတ် ဝင်စားတတ်ကြပါတယ်။ အပျင်းလည်း သိပ်မကြီးကြပါ ဘူး။ ရောထွေးကုန်မှာစိုးလို့ တစ်ခါတည်းဆက်စပ်ပြီး ရှင်းပြလိုက်ရတာပါ။

တစ်ဆက်တည်း သာမန်မိန်းမတွေအကြောင်းကို ဆက်ပြီး ရှင်းလိုက်ပါဦးမယ်။ လောကကြီးထဲမှာ သာမန် မိန်းမတွေက အများစုပါ။ သာမန်မိန်းမအုပ်စုတွေထဲမှာ အများစုဟာ ငယ်စဉ်ကာလတုန်းက အအုပ်အထိန်းအတင့်

mgyoe.com

mgyoe.com



အသင့် ရှိခဲ့ကြတဲ့သူတွေချည်းပါပဲ။ 'ငွေလင့်မှု' နဲ့ 'ဆာလောင်မှု' ဟာလည်း ပုံမှန်အတိုင်းပဲ ရှိနေကြပါတယ်။ ယောကျ်ားလေးတွေကိုလည်း ဘယ်လိုယောကျ်ားလေးမျိုးဖြစ်မှလက်ခံမယ်ဆိုတာမျိုး မရှိပါဘူး။ ယေဘုယျအနေနဲ့ လက်ခံနိုင်တယ်ဆိုရင် ကြိုက်ကြတော့တာပါပဲ။

ခြုံပြီးပြောရမယ်ဆိုရင်တော့ သာမန်မိန်းမတွေဟာ ယောကျ်ားလေးတွေအတွက် အကောင်းဆုံးအဖော်မွန်တွေပါပဲ။ သူတို့မှာ ယောကျ်ားနဲ့ ပခုံးချင်းတိုင်းချင်တဲ့ စိတ်မျိုးလည်းမရှိပါဘူး။ ဈေးသွား၊ ကလေးကျောင်းပို့၊ လုပ်စရာရှိတာလုပ်ရင်းနဲ့အချိန်ကိုကုန်လွန်ကြသူတွေပါ။ ယောကျ်ားက လိမ်မာပါးနပ်ရင် ပါးနပ်သလို၊ ဦးဆောင်နိုင်ရင် ဦးဆောင်နိုင်သလို အိမ်ထောင်ရေးသာယာချောမွေ့နိုင်တဲ့ မိန်းမအမျိုးအစားပါ။

သာမန်မိန်းမတွေမှာရှိတဲ့ ထူးခြားချက်က ချေးမများတတ်တာပါပဲ။ နောက်ထပ်ထူးခြားချက်တစ်ခုကတော့ ဒီအုပ်စုထဲမှာ အပျိုကြီးဖြစ်သွားရတဲ့သူတွေ နည်းပါးကြတာပါပဲ။ များသောအားဖြင့် အသက်အစိတ်ဝန်းကျင်မှာပဲ အိမ်ထောင်ကျကုန်ကြတာကို တွေ့ရပါတယ်။ မိသားစုနဲ့နေရထိုင်ရသိပ်အဆင်မပြေတဲ့ မိန်းမတွေက အိမ်ထောင်နည်းနည်းစောပြီးကျကြတာကို တွေ့ရပါတယ်။ အဆင်ပြေနေကြတဲ့ မိန်းမတွေကတော့ နည်းနည်းနောက်ကျပြီးမှ ကျကြပါတယ်။ သူတို့ယူတဲ့ ယောကျ်ားလေးတွေကလည်း

mgyoe.com

mgyoe.com



သာမန် ယောကျ်ားလေးတွေက အများစုပါ။

သာမန်မိန်းမတွေဟာ ဣန္ဒြေကြီးလှတဲ့ မိန်းမတွေ ယောက် ချဉ်းကပ်ရတာ မခက်ခဲပါဘူး။ အလိုက်အထိုက်နဲ့ မိတ်ဆွေဖြစ်နိုင်ကြတဲ့ မိန်းမတွေပါ။ ဒါပေမယ့် အညှာ မလွယ်လွန်းပါဘူး။ ပုံမှန်ကြိုးစားမယ်ဆိုရင်တော့ သူတို့ရဲ့ မေတ္တာကို ရရှိပိုင်ဆိုင်နိုင်ပါတယ်။ သာမန်မိန်းမတွေဖြစ်ကဲ့ အတွက် သူတို့လည်း ပူဆာတတ်ပါတယ်။ စိတ်ဆိုးတတ်၊ စိတ်ကောက်တတ်ပါတယ်။ ချော့ရင်လည်း ပျော့သွား တတ်ပါတယ်။ အများတကာလိုပဲ လှချင်ပချင်၊ ဝယ်ချင် ဝတ်ချင်၊ သွားချင်စားချင်ကြပါတယ်။ အကျိုးသင့် အကြောင်းသင့်ပြောပြ၊ စည်းရုံးယူရင်လည်း နားထောင် တတ်ကြသူတွေပါ။ ဖြစ်ချင်လွန်းတာတို့၊ မရမနေတို့ဆိုတဲ့ သဘောတွေမရှိပါဘူး။ အများစုက စိတ်နှလုံးကောင်းကြ တဲ့သူတွေပါ။

ဒီလိုမိန်းမမျိုးတွေကို ရုပ်ရှင်ဗီဒီယိုတွေထဲမှာ ဇာတ်ပို့ သရုပ်ဆောင်တွေအဖြစ် တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် မိန်းမအများစုကတော့ သူတို့ကိုယ်သူတို့ ဇာတ် လိုက်မင်းသမီးဖြစ်ချင်ကြသူတွေချည်းပါပဲ။ ဘာဖြစ်လို့ လဲဆိုတော့ ဇာတ်လိုက်မင်းသမီးတွေမှာက ထူးကဲတဲ့စရိုက် တွေရှိနေကြတာကိုး။ အဲဒီလိုမျိုးဖြစ်အောင်လို့လည်း စာ ရေးဆရာက ဖန်တီးရတာကိုး။ သာမန်ဇာတ်ရုပ်တွေဆိုရင် ဘယ်လိုလုပ်ပြီး စိတ်ဝင်စားစရာကောင်းပါတော့မလဲ။

mgyoe.com

mgyoe.com



ထူးကဲတဲ့စရိုက်ရှိတဲ့ မိန်းမတွေလည်း အပြင်မှာ အများကြီး ရှိပါတယ်။ သူတို့ကတော့ ရုပ်ရှင်ဗီဒီယိုတွေထဲက ဇာတ်လိုက်မင်းသမီးတွေကို သိပ်ပြီးတော့ အားမကျကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာလည်း ထူးကဲတဲ့စရိုက်တွေရှိနေလို့ပါ။ မိန်းမငါးယောက် ရုပ်ရှင်တစ်ကားသွားကြည့်ပါ။ ရုပ်ရှင်ပြီးသွားရင်လေ့လာကြည့်ပါ။ သာမန်မိန်းမတွေဟာ ဇာတ်လိုက်မင်းသမီးအပေါ်မှာ ပုံမှန်ထက်ပိုတဲ့ စိတ်ဝင်စားမှုမျိုးရှိပါတယ်။ ရယ်စရာတော့ အကောင်းသားပဲ။ ရုပ်ရှင်သွားကြည့်ကြတဲ့ အဲဒီမိန်းမငါးယောက်စလုံးက သာမန်မိန်းမတွေချည်းပဲ ဖြစ်နေကြတာကိုလည်း တွေ့နိုင်မှာပါ။ တစ်ခါတလေမှာတော့ ငါးယောက်ထဲက တစ်ယောက်ယောက်ဟာဖြင့် ထူးကဲတဲ့စရိုက်ရှိကြောင်း လေ့လာကြည့်ရင်တွေ့နိုင်ပါတယ်။ သူကတော့ ဇာတ်လိုက်မင်းသမီးအပေါ်မှာ ပုံမှန်ထက်ပိုတဲ့ စိတ်ဝင်စားမှုမျိုးမရှိပါဘူး။

သမီးရည်းစားဘဝမှာ ကွဲကြကွာကြဆိုတာတွေ ရှိပါတယ်။ သာမန်မိန်းမတွေဟာလည်း လွမ်းတတ်ပါတယ်။ ခံစားတတ်ပါတယ်။ ဒါပေမဲ့ အချိန်ကာလက သူတို့ကိုကုစားနိုင်ပါတယ်။ အပျိုကြီးဘဝနဲ့ပဲ အရိုးထုတ်တော့မယ်လို့ စိတ်ကူးကြတဲ့သူ တစ်ယောက်မှမပါပါဘူး။ ထိုနည်းလည်းကောင်းပါပဲ။ ဘဝကို ဖြစ်ချင်ရာဖြစ်၊ ပျက်စီးချင်တိုင်း ပျက်စီးတော့မယ်ဆိုတဲ့သူတွေလည်း မပါပါဘူး။

mgyoe.com

mgyoe.com



ကိုယ့်ကိုယ်ကိုယ် အတော်အသင့်ထိန်းသိမ်းနိုင်ကြတဲ့ သူတွေချည်းပါပဲ။ အချိန်တန်ရင် နောက်ထပ်ရည်းစားတစ်ယောက် ထပ်ရကြပါတယ်။ နောက်ပိုင်းမှာတော့ အကုန်လုံးအိမ်ထောင်ကျသွားကြပါတော့တယ်။

* * *

သာမန်အထက်ကလို့ ပြောရမည့် ကာမဂုဏ်ကြီးတဲ့ မိန်းမ၊ အစွန်းရောက်အချစ်နဲ့ ချစ်တတ်တဲ့မိန်းမ၊ သာမန်မိန်းမတွေရဲ့အကြောင်းတွေကို အစုလောက်ဆိုရင် အကြမ်းဖျဉ်းသိလောက်ပါပြီ။ အခြားသော ငံ့လင့်ရောင်ခြည်တွေ အကြောင်းကို ဆက်လိုက်ပါဦးမယ်။

သာမန်ရဲ့အောက်မှာရှိတဲ့ မိန်းကလေးတွေရဲ့ ကာမဂုဏ်ဟာ လျော့တော့တော့ဖြစ်သွားပါပြီ။ ဒါဟာ ငယ်စဉ်က အအုပ်အထိန်း လျော့ခဲ့လို့ဆိုတာ သိသာပါတယ်။ ကာမဂုဏ်တွေလျော့လာပြီဆိုကတည်းက လျှပ်ပေါ်လော်လည်ချင်တဲ့ စိတ်ဟာ အပေါ်ကို ထိုးတက်လာပါပြီ။ သူတို့လည်းပဲ ငံ့လင့်ရောင်ခြည်ပဲ ဖြစ်တဲ့အတွက် ငံ့လင့်ကြပါတယ်။ ဒါပေမဲ့ ရည်းစားတစ်ယောက်ရပြီး နောက်ပိုင်းလည်း ဆက်လက်ငံ့လင့်ကြပါသေးတယ်။ နောက်တစ်ယောက်ထပ်ရပြီး လည်းပဲ ထပ်ပြီးငံ့လင့်ပြန်ပါသေးတယ်။ ဆုံးကို မဆုံးနိုင်တော့ပါဘူး။ ဘယ်တော့မှဆုံးမှာလည်းဆိုရင် သေမှဆုံးမှာပါ။

mgyoe.com

mgyoe.com



တကယ်ပါပဲ၊ အဲဒီမိန်းမတွေဟာ အိမ်ထောင်ကျပြီး နောက်ပိုင်းတောင်မှ ဆက်ပြီး ငုံလင့်နေကြပါသေးတယ်။ ခပ်ချောချောကောင်လေးတွေနဲ့ဆိုရင် သာယာနေတတ်ကြတယ်။ အဲဒီအချိန်မျိုးမှာဆိုရင် ကိုယ့်လင်ကိုလည်း မေ့ရင် မေ့နေတတ်တယ်။ အခြေအနေပေးမယ်ဆိုရင် အဲဒီကောင်လေးနဲ့ ရုပ်ရှင်တစ်ကားလောက်တောင် ပြေးပြီး ကြည့်လိုက်ချင်သေးတယ်ဆိုတဲ့ အမျိုးအစားပါ။ ယောကျ်ားလေးတွေအနေနဲ့ ကိုယ့်ရဲ့ချစ်သူဟာ ဘယ်လိုမိန်းမမျိုးလည်းဆိုတာကို ဆန္ဒစွဲကင်းကင်းနဲ့ စောင့်ကြည့်လေ့လာရင် သိနိုင်ပါတယ်။ မွှန်နေမယ်ဆိုရင်တော့လည်း သိနိုင်မှာမဟုတ်ဘူးပေါ့။

အဲဒီမိန်းကလေးတွေဟာ အိမ်ထောင်မှုလည်း မနိုင်နင်းကြဘူး။ အပျော်အပါးလည်း မက်တတ်ကြတယ်။ အသုံးအစွဲလည်းကြီးတယ်။ အသုံးနဲ့အဖြုန်းကိုလည်း ခွဲခြားနားမလည်ကြဘူး။ ယောကျ်ားလေးတွေရဲ့ အထိအတွေ့မှာလည်း သာယာယစ်မူးတတ်တယ်။ တည်တည်တံ့တံ့လည်း မချစ်တတ်ကြဘူး။ ရည်းစားလည်း များတတ်ကြတယ်။ ယောကျ်ားလေးတွေကို ကြာပစ်ပြီး ဆက်ဆံကြတယ်။ အလှအပလည်း ကြိုက်လွန်းကြတယ်။ ဗြူတီပါလာတွေကို သွားနေကြတဲ့ မိန်းမတွေရဲ့ တစ်ဝက်ကျော်ကျော်ဟာ အဲဒီလို မိန်းမတွေချည်းပါပဲ။

အားအားရှိ လှဖို့၊ ပဖို့၊ ပျော်ဖို့ပါးဖို့ကိုပဲ တွေးနေ

mgyoe.com

mgyoe.com



တတ်တဲ့ မိန်းမတွေပါ။ ပျော်ဖို့ပါးဖို့အတွက် ချောင်းသာအထိ သွားရမလား။ ကျိုက်ထီးရိုးသွားရမလား။ အပေါင်းအသင်းတွေနဲ့ ဟီလာတိုက်ဖို့ ဆိုရင် ဇဝရက်တောင်အထိ သွားချင်တဲ့မိန်းမတွေပါ။ အပျော်ခရီးတို့၊ ဘုရားဖူးတို့က ပြန်လာရင် ရည်းစားဖြစ်ခဲ့ကြတယ်ဆိုတဲ့ မိန်းမတွေ ကို သတိထားကြည့်ရင် အဲဒီအချက်တွေကို တွေ့နိုင်ပါတယ်။ ဘယ့်နှယ် သုံးလေးငါးရက်ထွက်တဲ့ ခရီးမှာတောင် ရည်းစားတစ်ယောက် ရလာတယ်ဆိုတော့ သူတို့ရဲ့ ငံ့လင့်ရောင်ခြည်ဟာ တော်တော့်ကို ငံ့လင့်ခဲ့လိုသာ ဖြစ်ရမယ်လို့ ကောက်ချက်ချနိုင်ပါတယ်။

အဲဒီလိုမိန်းကလေးမျိုးတွေနဲ့ ရည်းစားဖြစ်ရတဲ့ ယောကျ်ားလေးတွေအဖို့ သိဂ်မချောင်လှပါဘူး။ ငွေကုန်ကြေးကျ များတတ်တယ်။ ယောကျ်ားလေးတွေကလည်း ကိုယ့်ရဲ့ရည်းစားကို နဂိုကတည်းက ပေးချင်၊ ကျွေးချင်စိတ်က သဒ္ဓါယိုဖိတ်ပြီးသားဆိုတော့ အဲဒီလိုမိန်းမမျိုးတွေနဲ့ လည်းတွေ့ရော အိမ်ကရတဲ့မုန့်ဖိုးဟာ သူတို့အတွက် မလောက်ငှတော့ဘူး။ အဲဒီတော့ မိဘကပေးလိုက်တဲ့ ကျူရှင်လခလည်း အဲဒီမိန်းကလေးအတွက် ဖြစ်သွားရတော့တာပေါ့။ ဒါပေမဲ့လည်း အဲဒီလောက်နဲ့ မလုံလောက်သေးပါဘူး။ အဲဒီကြောင့်မို့ မိဘတွေမသိအောင် အလစ်မှာ ခိုးရပါသေးတယ်။ ဘယ်လောက်အထိ များလည်းဆိုရင် အိမ်ကသနပ်ခါးတုံးကိုတောင် ခိုးပြီး ရည်းစားကို ပေးပစ်

mgyoe.com

mgyoe.com



တတ်ကြပါတယ်။

အဲဒီလိုမိန်းကလေးတွေဟာ မိုးရာသီရောက်လာပြီ ဆိုရင် ထီးဝယ်ပေးဖို့ ပူဆာတယ်။ ထီးတင်လားဆိုတော့ မကပါဘူး။ ဖိနပ်လည်း ပူဆာတတ်တယ်။ အင်္ကျီအဝတ် အစား၊ ကျောပိုးအိတ်၊ ပိုက်ဆံအိတ်၊ လက်ကိုင်ပဝါကအစ နှုတ်ခမ်းနီ၊ မိတ်ကပ်အဆုံး ပူဆာတတ်တယ်။ ရုပ်ရှင် လိုက်ပြရတယ်။ ကြုံရာမှာ စားပစ်၊ သောက်ပစ်တယ်။ သူတို့အတွက် တစ်လတစ်လကို ငါးသောင်းကနေ တစ်သိန်းကြားထဲ ကုန်ကျနေရတယ်။ ယောကျ်ားလေးတွေ ကလည်း အဲဒီကုန်ကျစရိတ်တွေအတွက် မိဘတွေဆီက နေ ခေါင်းစဉ်အမျိုးမျိုးတပ်ပြီးတောင်း၊ မလောက်သေးရင် အလစ်မှာခိုး၊ မလောက်သေးရင် လျှောက်ပြီးချေးငှားနဲ့ အကြွေးတွေက ပတ်လည်ဝိုင်းနေတတ်တယ်။

ပူဆာသမျှ အလိုမပြည့်ရင် စိတ်ကောက်တတ် တော့ သူ့တို့ခမျာမှာ ခေါင်းမီးတောက်ကြကုန်ရော၊ မယ်မင်းကြီးမ ရှေ့မျက်နှာ တော်ညိုးနေတယ်ဆိုရင်ကိုပဲ မောင်မင်းကြီးသားတွေ ခြေမကိုင်မိ၊ လက်မကိုင်မိတွေ ဖြစ်၊ ထိုင်မရထမရတွေ ဖြစ်နေရတော့ ခိုးရဝှက်ရ၊ ချေးရငှားရ၊ တောင်းရရမ်းရတွေ ဖြစ်ကုန်ကြတော့တာပေါ့။ တချို့ ယောကျ်ားလေးတွေကျတော့ မိဘတွေက တကယ့်ကိုပဲ အဆင်မပြေကြတဲ့အခါကျတော့ ချစ်သူအလိုကျ ဖြည့် ဆည်းမပေးနိုင်ကြတော့ဘူး။ အဲဒီယောကျ်ားလေးတွေဟာ

mgyoe.com

mgyoe.com



သိပ်မကြာခင်မှာပဲ ကျန်ရစ်ဖြစ်ခဲ့ကြပါလေရော။

ဖြည့်ဆည်းပေးနိုင်တယ်ဆိုတော့ရော အဲဒီလိုမိန်းကလေးတွေက ငြိမ်ဝပ်ကြပါရဲ့လား။ ဝေးပါသေးတယ်။ သူတို့ရဲ့အကျင့်အတိုင်း သာယာနိုင်မည့် ယောကျ်ားလေးတစ်ယောက်တွေ့ရင် ထပ်ပြီးရည်းစားထားပါတယ်။ အရင်ယောကျ်ားလေးကသိသွားရင်လည်း တတ်နိုင်သမျှ လှည့်ပတ်ပြော၊ မရတော့ဘူးဆိုရင် ဖြတ်ပစ်လိုက်ပါတော့တယ်။ သူတို့လိုအင်တွေကို ပိုပြီးဖြည့်ဆည်းပေးနိုင်တဲ့ ယောကျ်ားလေးတွေက ပိုပြီး သက်ဆိုးရှည်ရုံကလွဲပြီး ဘာမှဖြစ်မလာပါဘူး။ ပိုက်ဆံရှိပြီး ငွေသုံးနိုင်တဲ့ သူဌေးသားတွေဆိုရင် သူတို့က အသေကပ်ထားတတ်ကြတယ်။ အဲဒီလိုယောကျ်ားလေးမျိုးနဲ့ဆိုရင် ငှါးမြင်း ငါးစိုင်း စစ်ကိုင်းရောက်ရောက်၊ ပုဂံရောက်ရောက်ဆိုသလို စိတ်လွတ်လက်လွတ်ဖြစ်တတ်ကြတယ်။ နောက်ဆုံးမှာ ဗိုက်တစ်လုံးနဲ့ကျန်ရစ်ခဲ့ရောဆိုတာ အဲဒီလိုမိန်းမတွေက အများစုပေါ့။

ပိုက်ဆံရှိပြီး ငွေသုံးနိုင်တဲ့ သူဌေးသားဆိုပြီးတော့လည်း သူတို့ကို စိတ်ချထားလို့မရပါဘူး။ သူတို့ ခရေဇီဖြစ်တဲ့ ယောကျ်ားတစ်ယောက်ယောက်နဲ့ကျရင်လည်း ပါသွားတော့တာပါပဲ။ အဲဒီမိန်းကလေးတွေရဲ့ အဓိကအားနည်းချက်ကတော့ အထိအတွေ့နဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့ယောကျ်ားလေးတွေနဲ့တွေ့ရင် အလူးအလိမ့်ခံရတော့တာပါပဲ။ အဲဒီယောကျ်ားလေးတွေက အပြောအဆိုလည်း

mgyoe.com

mgyoe.com



ညက်မယ်၊ အကိုင်အတွယ်ကလည်း ပညာပါတယ်ဆိုရင် မယ်မင်းကြီးမတွေ ကော့နေတော့တာပါပဲ။ ဘယ်လောက် အထိ များလည်းဆိုတော့ သုံးနိုင်ဖြုန်းနိုင်တဲ့ ရည်းစားဆီက နေ မာယာမျိုးစုံနဲ့ ငွေယူပြီး အဲဒီယောက်ျားကိုတောင် မထောက်ပံ့ရတဲ့အထိပါ။

သတိမထားမိလို့ အဲဒီလိုမိန်းမမျိုးနဲ့အိမ်ထောင်ကျ သွားတဲ့ ယောက်ျားဟာ ကံဆိုးတော့တာပါပဲ။ အိမ်ထောင် ကျကာစမှာတော့ ငြိမ်သက်နေသေးသမို့ သိပ်မသိသာသေး ပါဘူး။ ကြာလာလေလေ ဇာတိကပေါ်လာလေလေဖြစ် တတ်တာ သဘာဝမို့ ပျင်းကလည်း ပျင်း၊ ဖျင်းကလည်း ဖျင်း၊ လုချင်ပချင်စိတ်ကလည်း အလွန်ဆိုတော့ အိမ်ထောင် ရေး မသာယာတတ်ပါဘူး။ သားသမီး ရလာပြန်ကော့ လည်း သားသမီးသံယောဇဉ်က သိပ်မရှိပါဘူး။ ဒီကြားထဲ လင်ငယ်ကလည်း နေချင်သေးဆိုတော့ အဲဒီလိုမိန်းမတွေ ဟာ အိမ်ထောင်ပျက်ကိန်းများပါတယ်။

အဲဒီလိုမိန်းမအမျိုးအစားတွေဟာ များသောအား ဖြင့် အိမ်ထောင်ပြုတာ နောက်ကျတတ်ပါတယ်။ ရည်းစား ထည်လဲနဲ့ ပျော်ပါးနေတတ်ကြတဲ့ အမျိုးအစားပါ။ အချစ် ကိုလည်း တန်ဖိုး မထားတတ်ကြပါဘူး။ ကိုယ့်ရည်းစား အပေါ်ကို နားလည်အောင် ကြိုးစားဖို့နေနေသာသာ၊ ကိုယ့် ရည်းစားရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးစတဲ့ ဘာတစ်ခု ကိုမှ စိတ်ဝင်စားမှု မရှိတတ်ပါဘူး။ မာယာကလည်း

mgyoe.com

mgyoe.com



များပါတယ်။ ရှေ့စကားနဲ့ နောက်စကားလည်း မညီပါဘူး။ အပေါင်းအသင်းကလည်း များပါတယ်။ အိမ်လည်း သိပ်မကပ်တတ်ပါဘူး။ အဲဒီလိုမိန်းမမျိုးနဲ့ ရည်းစားဖြစ်ရတဲ့ ယောကျ်ားလေးဟာ အများကြီးခံရတတ်ပါတယ်။

အဲဒီလိုမိန်းမမျိုးကိုမှ အရူးအမူးချစ်မိသွားပါပြီ ဆိုတဲ့ ယောကျ်ားလေးတွေအတွက် စိတ်မကောင်းလွန်းလို့ ဖော်နည်းကားလေး နည်းနည်းပေးပါမယ်။ နည်းကောင်း လမ်းမှန်တော့ သိပ်မဟုတ်လှဘူး။ ဒါပေမဲ့ အပြင်လက်တွေ့ မှာတော့ သိပ်ကိုလိုအပ်လွန်းလို့သာ မပြောချင်တဲ့စကားပေမဲ့ ပြောလိုက်ရပါဦးမယ်။

ကိုယ့်ရဲ့ရည်းစားဟာ အဲဒီလိုရည်းစားမျိုးဖြစ် ကြောင်း စောင့်ကြည့်အကဲခတ်ဆုံးဖြတ်ပြီးပြီဆိုရင် ငွေရ မည့်အလုပ်တစ်ခုကို အပြေးအလွှားရှာပါ။ တက္ကသိုလ် တက်နေဆဲ ကျောင်းသားဖြစ်ပေမဲ့လည်း ညဘက် ဆိုက်ကားထွက်နင်းသင့်ရင် နင်းရတော့မှာပါပဲ။ ဒါက နံပါတ်တစ်အချက်ပါ။ နံပါတ်နှစ်က အသိပညာဗဟုသုတ အဆက်မပြတ် တိုးပွားနေအောင် တရစပ် ဖတ်မှတ်လေ့ လာနေရပါမယ်။ အဲဒီအချက်ကတော့ မိမိကို အထင်ကြီး လာအောင်လို့ပါ။ မိန်းကလေးက အထင်ကြီးခံရတဲ့ ယောကျ်ားလေးဟာ အဲဒီမိန်းကလေးကို ပဲ့ပြင်ယူလို့ရပါ တယ်။ နံပါတ်သုံးက အရာရာတိုင်းကို သည်းခံစိတ်မွေး ထားဖို့ပါ။ ကိုယ့်ရည်းစားရဲ့အကြောင်းကို ကိုယ်က သိနေ

mgyoe.com

mgyoe.com



ပြီပဲ။ အချိန်ယူပြီး ပြုပြင်ယူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ချထားလိုက်တာပေါ့။

ဒီသုံးချက် ပြည့်စုံပြီဆိုတဲ့အခါမှာ ဆက်လုပ်ရမှာကတော့ ပစ္စည်းတစ်ခု ဝယ်ပေးတော့မယ်ဆိုရင် ကိုယ်လိုချင်တဲ့ ကတိတစ်ခုကို ပြန်တောင်းပါ။ ဥပမာ–ထီးတစ်လက်ဝယ်ပေးရမယ်ဆိုရင် ဒီတစ်လလုံးလုံး ရုပ်ရှင်ရုံမသွားကြေးဆိုတဲ့ ကတိကိုပြန်တောင်းပါ။ ရုပ်ရှင်တစ်ခါလိုက်ပြရမယ်ဆိုရင် ဒီစာအုပ်ကို သုံးရက်အတွင်းဖတ်ပြီး ပြန်ပြောပြရမယ်ဆိုတဲ့ ကတိမျိုးကို တောင်းပါ။ (အောင်မြင်ဟိုးတက်လာအောင် စွမ်းဆောင်ချင်လာမည့် တက်ကျမ်းစာအုပ် ခပ်ပါးပါးတစ်အုပ်ကို ရှာထားပေါ့။ ဒါမှမဟုတ် လိမ်မာယဉ်ကျေး လာစေမည့် စာအုပ်တစ်အုပ်အုပ်ပေါ့) ကိုယ်က တစ်ခုခုဖြည့်ဆည်းပေးတိုင်း တစ်ခုခု ပြန်တောင်းဆိုဖို့က နံပါတ်တစ်ပါ။ လွယ်လွယ်ကူကူ၊ ပေါ့ပေါ့ပါပါးလေးတွေလည်း ဖြစ်ဖို့တော့လိုတာပေါ့။

နံပါတ်နှစ်ဆက်လုပ်ရမှာကတော့ သူတို့သာယာတဲ့ အထိအတွေ့မျိုးကို ဖြည့်ဆည်းပေးပါ။ ငါဟာ ယောကျ်ားကောင်းကွ၊ မွန်မွန်မြတ်မြတ်ထားတဲ့ ငါ့ရည်းစားကို လက်မထပ်ခင် လက်ဖျားနဲ့တောင် မထိဘူးဆိုတဲ့ အတွေးအခေါ်ကို စွန့်ပစ်လိုက်ပါ။ မစွန့်ပစ်နိုင်ရင် နောက်တစ်ယောက်နောက်ကို ခပ်ဖြန်မြန်ပါသွားပါလိမ့်မယ်။ အဲဒီကိစ္စအတွက် ကျွမ်းကျင်တဲ့ နောင်တော့် နောင်တော်ကြီး

mgyoe.com

mgyoe.com



များနဲ့ တိုင်ပင်ပါ။ လက်လွှန်ခြေလွန်ဖြစ်ပြီး ဖုံးမနိုင်၊ ဖိမရ ဒုက္ခများရမယ့် အဖြစ်ဆိုးကို မရောက်ရအောင်လည်း သတိကြီးကြီးထားပေါ့။ လိုအပ်ရင် (အခြေအနေပေးရင်) ကိုယ့်ရည်းစားနဲ့ကိုယ် ပွင့်ပွင့်လင်းလင်းတိုင်ပင်ပြီး ဖယားဆွဲသင့်တာဆွဲပစ်၊ စနစ်တကျတော့ ရှိပစေပေါ့။ မိန်းကလေးကလည်း ကိုယ့်အကြောင်း ကိုယ်သိပြီး ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောပေါ့။

ဆက်လုပ်ရမည့် နံပါတ်သုံးအချက်ကတော့ အရာရာမှာ လိမ်လိမ်မာမာနဲ့ ဉာဏ်သုံးပြီး ညင်ညင်သာသာ၊ ညက်ညက်ညောညော ပြောဆိုဆက်ဆံရပါမယ်။ စိတ်ဆိုး၊ ဒေါသထွက်စရာရှိရင်တောင်မှ မျိုသိပ်ထားနိုင်ရပါမယ်။ ကိုယ်က အရူးအမူးချစ်မိနေပြီပဲ။ အကြွမခံနိုင်ဘူးဆိုရင် လိုက်နာသင့်တာတွေကို လိုက်နာရတော့မှာပဲပေါ့။ အဲသလို ဦးနှောက်ကိုသုံးပြီး အလုပ်လုပ်နေရတဲ့အတွက် ပင်ပန်းတယ်ဆိုရင်လည်းပဲ ခံလိုက်ပေါ့။ ဘယ်တတ်နိုင်မလဲ။ အမြဲတမ်းသတိထားပြီး ဆက်ဆံနေရတဲ့အတွက် ပြည့်ပြည့်ဝဝ မပျော်ရဘူးဆိုရင်လည်း မတတ်နိုင်ဘူးပေါ့...။ နံပါတ်လေးအချက်အနေနဲ့ ဆက်လုပ်ရမှာက အဲဒီလိုမျိုး ကိုယ်က လိုက်နာဆောင်ရွက်ပေမည့် ထိန်းသိမ်းပြုပြင်ယူလို့ မရတော့ဘူးဆိုတာ သေချာသွားရင် အဲဒီမိန်းကလေးကို အမြန်ဆုံးစွန့်လိုက်ဖို့ ပါပဲ။ မဟုတ်ရင် ကိုယ့်ဘဝမှာ နှစ်ကာလတချို့ဟာ အလဲကား ဖြစ်သွားပါလိမ့်မယ်။

mgyoe.com

mgyoe.com



နံပါတ်တစ် . . .။ ကိုယ်ရှာဖွေနိုင်တဲ့ ငွေကြေးဟာ အဲဒီမိန်းမအတွက် ဘယ်လိုမှမလောက်ငှ၊ မပြည့်စုံနိုင်ဘူးဆိုတာကို ဆုံးဖြတ်နိုင်ပြီလားပါ။ ကိုယ်နဲ့သိပ်ဝေးနေပြီ။ မလောက်လောက်အောင် ရှာရမယ်ဆိုရင် မိမိက မဟုတ်တဲ့ အလုပ်တွေနဲ့ ငွေရှာမိ တော့မယ်။ ဒုစရိုက်မှုတွေ ကျူးလွန်နိုင်တယ်။ တစ်သက်လုံးနစ် သွားနိုင်တယ်။ ယောက်ျားကောင်းဆိုတာ အဲဒီလိုမျိုး အဖြစ်မခံရဘူး။ နံပါတ်နှစ်...၊ အဲဒီမိန်းမဟာ ပျက်စီးချင်တိုင်း ပျက်စီးတော့မည့် မိန်းမလို့ ဆုံးဖြတ်ပါ။ ငါနဲ့လုံးလုံးမထိုက်တန်ဘူးလို့တွေးပါ။ ငါ့မိဘ၊ ဆွေမျိုး၊ အသိုင်းအဝိုင်း နဲ့ မဖြစ်နိုင်ဘူးလို့ စဉ်းစားပါ။ နံပါတ်သုံး. . .။ အဲဒီမိန်းမထက်သာတဲ့ မိန်းမတစ်ယောက်ကို ရအောင်ရှာပြီး ယူပြမယ်လို့ဆုံးဖြတ်ပါ။ အသည်းကွဲမခံပါနဲ့။ ကိုယ့်ကိုယ်ကိုယ် အပျက်အစီးမခံပါနဲ့။ ယောက်ျားတိုင်းအတွက် ထိုက်တန်တဲ့ မိန်းမတစ်ယောက်ကတော့ လောကကြီးမှာ ရှိနေမှာပါ။

မိန်းမတွေအကြောင်းကို ရေးနေပေမည့် လိုအပ်တဲ့နေရာတွေမှာ ယောက်ျားလေးတွေအတွက်ပါ ထည့်ပြောရပါတယ်။ ယောက်ျားတို့အကြောင်း ရေးတုန်းကလည်း ဒီအတိုင်းပဲ၊ မိန်းကလေးတွေအတွက် ပြောရတာပါပဲ။ ဆက်ပြီးတော့ ခပ်ညံ့ညံ့ 'ငဲ့လင့်ရောင်ခြည်' အမျိုးအစားကို ရှင်းပြပါဦးမယ်။

ဗိဇကလည်း ညံ့၊ ပတ်ဝန်းကျင်ကလည်း ညံ့၊

mgyoe.com

mgyoe.com



အအုပ်အထိန်းကောင်းကောင်းလည်းမရှိခဲ့ဘူးဆိုရင် အဲဒီ မိန်းမတစ်ယောက်က ပျက်စီးချင်တိုင်း ပျက်စီးဖို့ အခွင့် များသွားပါပြီ။ ဒီကြားထဲ 'ဆာလောင် မှု' ဆိုတာလည်း ပေါက်လွတ်ပဲစားနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေတော့ပါပဲ။ အများ ကြီးလည်း လိမ်လည်လှည့်ဖျားတတ်ကြပါတယ်။ မာယာ တွေလည်း များတတ်ပါတယ်။ ပိပိရိရိလည်း ညာတတ် ကြပါတယ်။ အတွေးအခေါ်တွေကလည်း အောက်တန်းကျ ပါတယ်။ စိတ်နေစိတ်ထားကအစ ယုတ်မာကောက်ကျစ် ကြပါတယ်။

ကုသိုလ်ကံလေးပါလာလို့ ရုပ်ကလေးက ခပ်ချော ချောဆိုရင်တော့ သွားပြီ။ အဲဒီလိုမိန်းကလေးနဲ့ ရည်းစား ဖြစ်ရတဲ့ ယောကျ်ားလေးတွေဟာတော့ သေပေတော့ပဲ။ အဲဒီလိုမိန်းမတွေဟာ ပိုက်ဆံရှိတဲ့ ယောကျ်ားလေးတွေကို ရွေးပြီး ချဉ်းကပ်တတ်ကြတယ်။ ပြီးရင် ချူစားတတ်ကြ တယ်။ ငွေမရှိတဲ့ယောကျ်ားလေးတွေကိုတော့ ဟန်ဆောင် ပေါင်းပဲ ပေါင်းပါတယ်။ ဒါပေမဲ့ ရိုးရိုးသားသား ကောင်လေးတွေကိုတော့ သူတို့အသုံးချချင်ရာချဖို့အတွက် ကိုင်တွယ်ထားပါတယ်။ လိုအပ်ရင် ရည်းစားသဘောမျိုး လုပ်ထားတတ်ကြပါတယ်။

အဲဒီလို မိန်းကလေးတွေက မျက်လုံးသိပ်ကစား ပါတယ်။ ယောကျ်ားလေးတွေရဲ့ အိတ်ထောင်ကို အရင်ဆုံး ကြည့်တယ်ဆိုတဲ့အမျိုးအစားပါ။ အဲဒီယောကျ်ားလေး

mgyoe.com

mgyoe.com



ဝတ်လာတဲ့ အဝတ်အစား၊ ဖိနပ်၊ လက်ပတ်နာရီ၊ လက်ဆွဲအိတ်၊ ဘောပင် စတာတွေကို တန်ဖိုးဖြတ်ပါတော့တယ်။ ဆွဲကြိုးပါသလား၊ လက်စွပ်ပါသလား၊ ဟန်းချိန်းပါသလား၊ ဟန်းဖုန်းပါသလားဆိုပြီးလည်း ရှာဖွေပါတယ်။ ကိုယ်ပိုင်ကားစီးနိုင်တယ်ဆိုရင်တော့ ပြောမနေနဲ့တော့၊ အပြေးအလွှားကို ချဉ်းကပ်ကြပါပြီ။

အဲဒီယောကျ်ားလေးတွေနဲ့ အဆက်အစပ်မိသွားပြီဆိုတာနဲ့ ရင်းနှီးအောင် အမြန်ဆုံးကြိုးစားပါတော့တယ်။ ရင်းနှီးသွားပြီဆိုတာနဲ့ သမီးရည်းစားဖြစ်အောင် ကြံဆောင်ကြပါတော့တယ်။ သမီးရည်းစားဖြစ်သွားပြီဆိုတာနဲ့ သူတို့ကို ကျူးလွန်ချင်လာအောင် ပညာကုန်သုံးပြီး လုပ်ဆောင်ကြပါတော့တယ်။ အဲ ... လွန်ကျူးပြီး သွားပြီဆိုတာနဲ့ အဲဒီယောကျ်ားလေးဟာ နာဖို့သာပြင်ပေတော့ပဲ။ ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ ရှိရှိသမျှကို ချူစားပါတော့တယ်။ မြန်မြန်သိပြီး ဖွတ်ကျောပြာစုမဖြစ်ခင် ရှောင်ထွက်ပြေးတာတောင်မှ သိပ်မလွတ်ချင်ပါဘူး။ တော်တော်ကြာသည်အထိဆက်ပြီး ပေးကမ်းနေရတတ်ပါတယ်။ သိပ်မနပ်တဲ့ ယောကျ်ားလေးမျိုးဆိုရင်တော့ သူတို့ရဲ့ မူယာ၊ မာယာကျော့ကွင်းထဲမှာ 'ကျွန်စုပ်ပစ်တဲ့ သရက်စေ့' ဘဝမျိုးအထိ ဖြစ်သွားနိုင်ပါတယ်။

အဲဒီလို မိန်းကလေးမျိုးတွေဟာ တစ်သက်လုံး အဲဒီလိုလုပ်စားပြီး ပျော်မွေ့နေကြပါတယ်။ ပိုက်ဆံကလည်း

mgyoe.com

mgyoe.com



ရှိတယ်၊ လွယ်လွယ်နဲ့လည်း ချူစားလို့မရဘူးဆိုတဲ့ ယောကျ်ားလေးတွေနဲ့ကြုံရင် အိမ်ထောင်ကျသွားဖို့ ကြိုးစားကြပါတော့တယ်။ အိမ်ထောင်ကျသွားပြီး နောက်ပိုင်းမှာလည်း မယားဝတ္တရား လုံးလုံးမကျေပွန်ပါဘူး။ ဒါ့အပြင် အတွင်းပစ္စည်းတွေကို ကဲ့ကဲ့ထုတ်ပြီး လုံခြုံရာမှာ မြှုပ်နှံသိမ်းဆည်းထားတတ်ကြပါတယ်။ ယောကျ်ားဆီကနေ နည်း အမျိုးမျိုးနဲ့ ညှစ်ယူရရှိလာသမျှတွေဟာ သူတို့ရဲ့ နောင်ရေးအတွက်ချည်းပါပဲ။ ကွယ်ရာမှာလည်း လင်ငယ်နဲ့ ပျော်ပါးနေထိုင်တတ်ပါတယ်။ ဒါပေမယ့် အဲဒီလင်ငယ်ဟာလည်း သူတို့ရဲ့ အသုံးချခံသက်သက်ပါပဲ။ လူရည်လည်တဲ့ မိန်းမတွေဆိုတော့ သူတို့ဆီက ပြန်ချူစားဖို့လည်း မလွယ်ပါဘူး။

သူကဲ့ထုတ်ထားတွေကလည်း လုံလောက်ပြီ၊ ဆက်ပြီး ညှစ်လို့လည်းမရတော့ဘူးဆိုတဲ့ လင်ယောကျ်ားကို ကွာရှင်းဖို့ကြိုးစားလာပါတော့တယ်။ ဆက်ပြီး ညှစ်လို့ရသေးသမျှတော့ ဟန်ဆောင်မှုကောင်းကောင်းနဲ့ ဆက်ညှစ်နေပါသေးတယ်။ သားသမီးသံယောဇဉ်လည်း မရှိပါဘူး။ ဒီကြားထဲမှာ ဖခင်ကို အကောင်းမမြင်အောင် သားသမီးတွေကိုတိုက်ပေးတတ်ပါသေးတယ်။ အဲဒီသားသမီးတွေကိုလည်း သူက ခိုင်းစားနိုင်ဖို့ ပြင်ဆင် တည်ဆောက်ထားတတ်ပါတယ်။

အဲဒီမိန်းကလေးမျိုးတွေဟာ 'အချစ်' ဆိုတာကိုရော

mgyoe.com

mgyoe.com


နွားလည်သလား။ ချစ်ရော ချစ်တတ်ကြသလားလို့ မေးလာခဲ့ရင် သူတို့လည်း ချစ်တတ်ကြပါတယ်လို့ ပြန်ဖြေရမှာပါပဲ။ ဒါပေမဲ့ သူတို့ရဲ့အချစ်ဟာ ရုပ်ကွက်အပေါ်မှာ အခြေခံပါတယ်။ ဥစ္စာပစ္စည်းအပေါ်မှာ အခြေခံပါတယ်။ သန့်ရှင်းတဲ့အချစ်မျိုးနဲ့ မချစ်တတ်ပါဘူး။ ကြာရှည်လည်း မခံပါဘူး။ သူတို့တွေမှာက ပိုင်းလုံးလုပ်ချင်တဲ့စိတ်ကသာ များနေတတ်တာမျိုးပါ။ သူတို့လုပ်ချင်ရာလုပ်ရဖို့၊ သူတို့ ပျော်ရွှင်ကျေနပ်နေရဖို့ကိုသာ အဓိကထားတတ်တဲ့ မိန်းမ မျိုးတွေပါ။

အဲဒီလိုမိန်းမမျိုးတွေဟာ ဘယ်လိုမှပြင်ယူလို့မရနိုင်တဲ့ အမျိုးအစားဖြစ်တဲ့အတွက် အစကတည်းကိုက ဝေးနိုင်သမျှဝေးဝေးနေ သင့်ပါတယ်။ အဲဒီလိုမိန်းမမျိုးထဲမှာ တချို့က ရုပ်ချောပြီး အပြောညက်တဲ့အတွက် မထင်သာ မမြင်သာဖြစ်ပြီး သမီးရည်းစားဘဝအထိ ဖြစ်သွားရတာမျိုးတွေလည်းရှိပါတယ်။ သမီးရည်းစားဘဝ ရောက်ပြီဆိုရင်တော့ သိသာလာပါပြီ။ သူတို့ပါးစပ်ကနေ 'ငွေ' ဆိုတာဟာ တစ်ချိန်လုံးကြားနေရတတ်ပါတယ်။ မကြာခဏလည်း ပူဆာတတ်ပါတယ်။ လုပ်ဇာတ်တွေ အမျိုးမျိုးခင်းပြပြီး ချူစားတာတွေကိုလည်း သတိထားမိရင် သိသာနိုင်ပါတယ်။ လုပ်ဇာတ်တွေကလည်း တစ်မျိုးပြီးတစ်မျိုး မရိုးရအောင်လည်း ခင်းပြတတ်ပါတယ်။ အဲဒီလုပ်ဇာတ်တွေကို နောက်ယောင်ခံလိုက်ကြည့်ဖို့၊ စုံစမ်းကြည့်ဖို့လည်း လိုပါ

mgyoe.com

mgyoe.com



တယ်။ ကိုယ့်ရည်းစားဟာ အဲဒီလို မိန်းမမျိုးဖြစ်နေတာ သေချာ သွားပြီဆိုရင် အမြန်ဆုံးပြေးနိုင်ဖို့ ပြင်ဆင်ပါ။ သူမရိပ်မိဘဲ ပိပိရိရိ ထွက်ပြေးတာမျိုးလည်း ဖြစ်ပါစေ။

သူတို့က ရိပ်မိသွားပြီးဆိုရင်တော့ ဗျူဟာတစ်မျိုး ပြောင်းပြီး ပြန်ခင်းလာတတ်တယ်။ အဲဒီအခါမျိုးမှာ ပြန်ပြီး ယောင်သွားတတ်တယ်လေ။ ငိုကြီးချက်မနဲ့ မျက်ရည်ခံ ထိုးလိုက်ရင် တော်ရုံယောကျာ်းက စိတ်ပြန်လည်သွား တတ်တယ်။ ကျောချမှ စားပြမှန်းသိဆိုတာမျိုး မဖြစ်စေနဲ့ ပေါ့...။ လှတာမက်ရင် ညစာပါခက်ရုံတင်မက ဇရပ်ပေါ်ပါ တက်အိပ်ရတဲ့ ဘဝမျိုးအထိဖြစ်သွားနိုင်တယ်။ လက်လွှန် သွားလို့ အိမ်ထောင်တွေဘာတွေ ကျပြီးသွားရင်လည်း အမြန်ဆုံး ကွာရှင်းနိုင်ဖို့ကြိုးစားပါ။ ရှာနိုင်ဖွေနိုင်တုန်း အရွယ်မှာ တစ်ကပြန်စချင်ရင် စလို့ရနိုင်ပါသေးတယ်။ အသက်လေးဆယ်ကျော်၊ ငါးဆယ်ကျော်ကျတော့မှ တစ် က ပြန်စချင်နေလို့ မဖြစ်နိုင်တော့ပါဘူး။ တစ်ဘဝလုံး ဒုက္ခ ရောက်မည့်လမ်းကို မရွေးမိပါစေနဲ့။ အသက်လည်းတို တတ်ပါတယ်။ သေရင်တောင်မှ ဒုက္ခဆင်းရဲခြင်း ကြီးစွာ ခံရပြီးမှသေရတတ်ပါတယ်။

mgyoe.com

mgyoe.com



## ရောထွေးမိန်းမများ

ငံ့လင့်ရောင်ခြည်ဖြစ်တဲ့မိန်းမတွေဆိုတာဟာ သူတို့ရဲ့ ဣန္ဒြေတွေနဲ့တွဲပြီး တည်ရှိနေတာမို့ သူတို့ရဲ့အချစ်တွေကိုလည်း အဲဒီအပေါ်မှာ အခြေခံပြီးရှင်းပြရပါတယ်။ ဣန္ဒြေရှိပြီး တည်တည်ငြိမ်ငြိမ်နဲ့ချစ်တတ်တဲ့မိန်းမ၊ အစွန်းရောက်အချစ်နဲ့ ချစ်တတ်တဲ့ မိန်းမ၊ သာမန်မိန်းမ၊ သာမန်အောက်မိန်းမ၊ ဣန္ဒြေမဲ့လွန်းတဲ့မိန်းမဆိုပြီး အကြမ်းဖျဉ်း ခွဲခြားရှင်းပြခဲ့ပြီးပါပြီ။ အချို့မိန်းမတွေကလည်း အခုရှင်းပြခဲ့တဲ့အတိုင်း တစ်ပုံစံတည်း ဆောင်ဝင်နေတာရှိပါတယ်။ အချို့ကျတော့လည်း နည်းနည်းရောထွေးတည်ရှိတတ်ပါတယ်။ တစ်မျိုးရော၊ နှစ်မျိုးရောနဲ့ အမျိုးမျိုးရောနေကြတာလည်း ရှိပါတယ်။ ဟိုအမျိုးအစားထဲကတစ်ချက်၊ ဒီအမျိုးအစားထဲကတစ်ချက်နဲ့ရောချင်သလိုရောနေတတ်ပါတယ်။

ဣန္ဒြေမဲ့လွန်းသော မိန်းမဆိုတဲ့ အမျိုးအစားထဲမှာပါတဲ့ အချက်အလက်တွေ တော်တော်များများရှိနေတယ်ဆိုတဲ့ မိန်းမမျိုးကလွဲရင် ကျန်တဲ့ဘယ်မိန်းမကိုမဆို ချစ်လို့ကြိုက်လို့ လက်ထပ်ယူလို့၊ ပေါင်းလို့သင်းလို့ ရပါတယ်။ ပြုပြင်ယူရင်လည်း ရပါတယ်။ ရောထွေးမိန်းမများထဲမှာလည်း ကောင်းတဲ့အချက်တွေများနေရင် မဆိုးဘူးပေါ့။ မကောင်းတဲ့အချက်တွေများများတွေ့နေရပြီဆိုရင်လည်း ဝေးဝေးကရှောင်ပေါ့။ ယောကျ်ားတွေဟာ မိန်းကလေး

mgyoe.com

mgyoe.com



တစ်ယောက်ရဲ့ ဣန္ဒြေကို ပထမဆုံးအကဲခတ်တတ်ကြတယ်ဆိုတာကို သိပြီးတဲ့နောက်မှာ မိန်းကလေးတွေအနေနဲ့လည်း သတိကြီးကြီး ထားကြပေါ့။

## အချစ်ဆိုတာ

ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကြားထဲက 'အချစ်' ဆိုတာဟာဘာလဲ။ 'လိင်စိတ်ဆန္ဒ'ပါ။ လိင်စိတ်ဆန္ဒဆိုတာဟာ ကာမစပ်ယှက်ချင်တဲ့ဆန္ဒကို ဆိုလိုတာမဟုတ်ပါဘူး။ 'ဆန့်ကျင် ဘက်လိင်နဲ့ယှဉ်တွဲချင်တဲ့ဆန္ဒ' လို့ ဆိုလိုတာပါ။ ပုံမှန်အတိုင်း ကြီးပြင်းဖွံ့ဖြိုးလာကြတဲ့ ယောကျ်ားတိုင်း၊ မိန်းမတိုင်းမှာ ရှိပါတယ်။ အဲဒီဆန္ဒမျိုးဟာ လိင်တူချင်းကြားထဲမှာ မဖြစ်ပေါ်နိုင်ပါဘူး။ လိင်တူချင်းကြားထဲမှာ ဖြစ်ပေါ်တာဟာ အချစ်မဟုတ်ပါဘူး။ 'ရမ္မက်'ပါ။ ဆန့်ကျင်ဘက်လိင်တွေဟာ တစ်ဦးနဲ့တစ်ဦး စိတ်ဝင်စားကြတယ်ဆိုတာ သာမန်ပါ။ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ကိုဖြစ်ရမည့် ဖြစ်စဉ်တစ်ခုပါ။

ဆန့်ကျင်ဘက်လိင်တွေဆိုတာ နံပါတ်တစ် – ခန္ဓာကိုယ် ဖွဲ့စည်းပုံချင်းမတူကြပါဘူး။ နံပါတ်နှစ် – ကြီးပြင်းဖြတ်သန်းမှုမတူကြပါဘူး။ နံပါတ်သုံး – ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ဟိုမုန်းတွေ၊ ခရိုမုန်းဇုန်းတွေ၊ ဂျိင်းတွေ၊ ကလီစာ

mgyoe.com

mgyoe.com



တွေ၊ အစိတ်အပိုင်းတွေ၊ ဇီဝယန္တရားတွေ မတူကြပါဘူး။ နံပါတ်လေး – တွေးခေါ်၊ ရှုမြင်၊ ခံစား၊ သုံးသပ် ပုံတွေ မတူကြပါဘူး။ နံပါတ်ငါး – လုပ်ပုံကိုင်ပုံ၊ နေပုံထိုင်ပုံ၊ သွားပုံလာပုံ၊ စားပုံသောက်ပုံမတူကြပါဘူး။ အဲဒီအတွက် အပြန်အလှန် စိတ်ဝင်စားစရာကြီးပါ။ တစ်ယောက်တည်း ဆိုရင် မပြည့်စုံသလို ခံစားရပါတယ်။ နှစ်ယောက်ပေါင်း လိုက်ရင် ပြည့်စုံသွားလိမ့်မယ်လို့လည်း ထင်ကြပါတယ်။ မျှော်လင့်ကြပါတယ်။ ယုံကြည်ကြပါတယ်။

ဆန့်ကျင်ဘက်လိင်တွေဟာ တစ်ဖက်က အချက်အလက်တွေကို တစ်ဖက်ကပိုင်ဆိုင်ချင်ပါတယ်။ လက်တွေ့မှာ ပိုင်ဆိုင်လို့ မရနိုင်တဲ့အတွက် အနားကို ခေါ်ထားချင်ကြပါတယ်။ လူသားတွေမှာ ကျားနဲ့မဆိုပြီး ဇာတ်ကွဲပြားနေတဲ့အတွက် ဒီလိုဖြစ်ရတာဟာ ဓမ္မဓိဋ္ဌာန်ကျပါတယ်။ ဒါဟာရိုးရိုးလေးပါပဲ။ အမျိုးမျိုးရှုမြင်ပြီး အဓိပ္ပာယ်အမျိုးမျိုးဖွင့်ခဲ့ကြပြီးပါပြီ။ ယောကျာ်းလေး နှစ်ယောက်ပေါင်းပြီး ကြိုးစားကြိုးစား၊ မိန်းမနှစ်ယောက်ပေါင်းပြီး ကြိုးစားကြိုးစား လူသားအသစ်တစ်ယောက်မမွေးဖွားနိုင်ပါဘူး။ ကျားနဲ့မနှစ်ယောက်ပေါင်းမှပဲ ဖြစ်နိုင်တာဟာလည်း ဆန့်ကျင်ဘက်လိင်တွေအတွက် အလွန်စိတ်ဝင်စားစရာကောင်းတဲ့အချက်တစ်ချက်ပါပဲ။ (တိုးတက်လာတဲ့ သိပ္ပံပညာအရ ဖန်ပြွန်ထဲမှာ ပေါင်းစပ်လည်း မျိုးစေ့ကတော့ ယူရသေးတာပါပဲ)

mgyoe.com

mgyoe.com



အဲဒီအတွက် 'အချစ်' ဆိုတာဟာ မတူညီတဲ့ အခြားခန္ဓာကိုယ်ကြီးကို 'လိင်ဆန္ဒ' ကြောင့် ယှဉ်တွဲနေထိုင်လိုကြတာပါပဲ။ တစ်ဦးရဲ့ခန္ဓာကိုယ်ကြီးကို တစ်ဦးက လိုအပ်နေကြပြီဆိုမှတော့ ကျားနဲ့မ ဟာ စတွေ့တွေ့ချင်း ခန္ဓာကိုယ်ကြီးကို စပြီးကြည့်ကြပါတယ်။ အမျိုးမျိုးကွဲပြားခြားနားနေတဲ့ စရိုက်တွေအလိုက် အကြိုက်ချင်းကလည်း ကွဲပြားကြတာမို့ လိင်မတူတိုင်း မြင်မြင်သမျှ ကြိုက်ကြတာမျိုးမဖြစ်နိုင်ပါဘူး။ မိမိရဲ့စရိုက်က လက်ခံနိုင်တဲ့ဟာမျိုးတွေ့လိုက်တာနဲ့စပြီး ချစ်မိတော့တာပါပဲ။ အချစ်အနုစားလေး စပြီးဖြစ်ပေါ်လာပြီလို့ ဆိုနိုင်ပါတယ်။

'မြင်မြင်ချင်းပဲ ချစ်မိတယ်' ဆိုတဲ့ စကားဟာ အမှန်ပါပဲ။ အဲဒီလို စချစ်ရာကနေစပြီး သူ့ရဲ့အပြုံးလေးကို ချစ်လိုက်၊ စကား ပြောဟန်ကိုချစ်လိုက်၊ နေပုံထိုင်ပုံကို ချစ်လိုက်၊ စိတ်ဓာတ်လေးကို ချစ်လိုက်နဲ့ တစ်မျိုးပြီးတစ်မျိုး တိုးတိုးပြီးချစ်လာလိုက်တာ တဖြည်းဖြည်းနဲ့ အချစ်ကြီး ချစ်မိပါပြီဆိုတဲ့ အဆင့်ကို ရောက်ကြရတော့တာပါပဲ။ ထို့နည်းတူစွာပါပဲ၊ 'မချစ်ဘူး' ဆိုတာဟာလည်း မိမိရဲ့ စရိုက်နဲ့ အံမဝင်တဲ့အတွက် ဖြစ်ပေါ်လာတာပါပဲ။ မချစ်ဘူး ဆိုမှတော့ အံမဝင်တဲ့အချက်အလက်တွေ ရှိနေတဲ့ခန္ဓာကိုယ်ကြီးတစ်ခုကိုလည်း ဘယ်ယှဉ်တွဲ ပေါင်းဖော်ချင်တော့မှာလဲ။ မိမိစရိုက်နဲ့ အံဝင်မည့်အချက်တွေရှိတဲ့ နောက်ထပ် ခန္ဓာကိုယ်ကြီးတစ်ခုကိုသာ ထပ်ရှာတော့မှာပါ။

mgyoe.com

mgyoe.com



## တော်ဝင်အချစ်များ

အချစ်နဲ့ပတ်သက်လာရင် ပြောစမှတ်ပြုကြရတာကတော့ မိန်းမတွေရဲ့ အချစ်ပဲဖြစ်ပါတယ်။ ယောကျ်ားနဲ့ မိန်းမတွေဟာ ချစ်ပုံ ချစ်နည်းကွဲပြားကြပါတယ်။ ခမ်းခမ်းနားနားချစ်တတ်တာမှာကတော့ မိန်းမတွေက ယောကျ်ားတွေကို မမီပါဘူး။ နက်နက်ရှိုင်းရှိုင်း ချစ်တတ်မှုမှာကတော့ ယောကျ်ားတွေက မိန်းမတွေကို မမီပါဘူး။ ယောကျ်ားတွေဟာ မိန်းမတွေကို ဘယ်လောက်ပဲချစ်တတ်ချစ်တတ် ပညာရှိတွေ ချီးကျူးမခံထိုက်သေးပါဘူး။ တကယ်ချစ်တတ်တဲ့ မိန်းမတွေကိုကျတော့ ပညာရှိတွေက ချီးကျူးကြပါတယ်။ မိန်းမကောင်း မိန်းမမြတ်လို့ သတ်မှတ်ယားကြပါတယ်။ ဒါကလည်း ယောကျ်ားလေးတွေအနေနဲ့ မိန်းမတစ်ယောက်ကို ဘယ်လောက်ကြီးပဲချစ်ချစ် ယောကျ်ားရင့်မာကြီးတစ်ယောက်အတွက် မြင့်မြတ်တဲ့ယောကျ်ားအဆင့်ကို မသတ်မှတ်နိုင်သေးဘူးဆိုတဲ့ အမြင်ကြောင့်ပါ။ မြင့်မြတ်တဲ့ ယောကျ်ားတစ်ယောက်အဖြစ် သတ်မှတ်နိုင်ဖို့အတွက် အဲဒီထက်မြင့်တဲ့ကိစ္စတွေကို စွမ်းဆောင်နိုင်ပါမှ ဖြစ်မှာပါ။

မိန်းမတွေအဖို့ကတော့ နက်နက်ရှိုင်းရှိုင်း ချစ်တတ်ရင် တော်ဝင်မိန်းမမြတ်အဖြစ် ပညာရှိတွေက ချီးကျူးကြပါတယ်။ အကောင်းဆုံး စံနမူနာပြုရရင်တော့ ဇာတ်တော်တွေထဲက တော်လေးဝဝင် မိန်းမမြတ်တွေဖြစ်ကြတဲ့ အမရာ၊

mgyoe.com

mgyoe.com



ကိန္နရီ၊ မဒ္ဒီ၊ သမ္ဗူလ မိန်းမလေးယောက်ကို သက်သေပြရမှာပါ။ သူတို့လေးယောက်စလုံးဟာ သူတို့ရဲ့ လင်ယောကျ်ားတွေအပေါ်မှာ သစ္စာသိပ်ကြီးကြပါတယ်။ အဲဒီအတွက် သူတို့ကို မိန်းမမြတ်တွေလို သတ်မှတ်ကြပါတယ်။ တခြားအချက်အလက်တွေကို မကြည့်တော့ဘဲ အဲဒီတစ်ချက်တည်း ပြည့်စုံရုံနဲ့ မိန်းမမြတ်ဖြစ်ကရောလားလို့ စောဒကတတ်ချင်စရာပါ။ မိန်းမတွေကို မက်လုံးပေးစည်းရုံးသိမ်းသွင်းထားတာမျိုးရော မဖြစ်နိုင်ဘူးလားလို့လည်း မေးစရာပါ။ နည်းနည်းရှင်းလိုက်ရပါဦးမယ်။

မဟော်သဓာဟာ အမရာကို သူကြိုက်နှစ်သက်လို့ မိဘတွေဆီမှာ တောင်းရမ်းလက်ထပ်ယူလာပြီး နန်းတော်ကို ပြန်လာခဲ့ပါတယ်။ မဟော်သဓာဟာ ဘုရင်ရဲ့မွေးစားသား ပညာရှိသုခမိန်ကြီးဖြစ်တယ်ဆိုတာ အမရာ မသိသေးပါဘူး။ သူကလည်း ပြောမပြပါဘူး။ နန်းတော်ကို ရောက်ရောက်ချင်း အမရာကို တံခါးမှူးအိမ်မှာ အပ်ထားခဲ့ပါတယ်။ ပြီးတော့ မင်းစေတွေကို အသပြာထောင်ထုပ်နဲ့လွှတ်ပြီး သုံးကြိမ်သုံးခါ မြူဆွယ်ဖျောင်းဖျခိုင်းခဲ့ပါတယ်။ ဘုရင့်သားတော်က ကြိုက်လွန်းလို့ တော်ကောက်မယ်ဆိုတဲ့ ပုံစံမျိုးနဲ့ပါ။ အမရာက မလိုက်ပါဘူး။ ဟုတ်မဟုတ်လိုက်ပြီး စုံစမ်းကြည့်လိုက်ဦးမယ်။ အခြေအနေကောင်းရင် ဒိုင်ဗင်သိုးချလိုက်မယ်ဆိုတဲ့ စိတ်ကူးမျိုး အမရာမှာ မရှိပါဘူး။ သူ့လင်အပ်ချုပ်သည်ရဲ့ ခြေဖဝါးအောက်က မြူမှုန်

mgyoe.com

mgyoe.com



လောက်ပင် တန်ဖိုးမရှိပါဘူးလို့ မင်းချင်းတွေကို ပြောချ လိုက်တယ်။

အဲဒီအချိန်လေးကို သေသေချာချာတွေးကြည့်မယ် ဆိုရင် တော်တော်ကြောက်စရာ ကောင်းပါတယ်။ လာခေါ် တာက မင်းချင်းတွေပါ။ ခေါ်ခိုင်းတာက ဘုရင့်သားတော် ပါ။ အခြေအနေမကောင်းရင် ရာဇဒဏ်ထိပြီး သေပွဲတောင် ဝင်နိုင်ပါတယ်။ စုတ်ကြီး လာဘ်ကြီးရော သေဘေး အန္တရာယ်ရော ပြိုင်တူဝင်လာတာပါ။ ဒီခေတ်မှာဆိုရင်တော့ တော်ရုံမိန်းမတွေ ဘယ်ခံနိုင်လိမ့်မလဲ။ အသက်တော့ အသေခံမှာ မဟုတ်ဘူး။ ရာဇဒဏ်တော့ အထိခံမှာ မဟုတ် ဘူး။ အပ်ချုပ်သမားကို ထားပစ်ခဲ့မည့် မိန်းမတွေချည်းပါပဲ။ အမရာကတော့ ဒီလာဘ်လာဘတွေ၊ သူကောင်းပြုမှုတွေ ဟာ သူ့လင်အပ်ချုပ်သမားရဲ့ ခြေဖဝါးအောက်က မြေမှုန် လောက်တောင် တန်ဖိုးမရှိပါဘူးလို့တောင် ပြန်ပြောရဲတဲ့ သူပါ။ ဒီ့ထက်ကြောက်စရာကောင်းတာ ရှိပါသေးတယ်။

အဲဒီလိုမျိုး အမရာကို သုံးကြိမ်သုံးခါ မြူဆွယ် ဖျောင်းဖျလို့မရတဲ့အခါကျတော့ မဟော်သဓာက မင်းချင်း တွေကို အမိန့်ထုတ်ပါတယ်။ နံပါတ်တစ်က မင်းမိန့်နဲ့ လိုက်ခဲ့ရမယ်လို့ ပြောခိုင်းပါတယ်။ နံပါတ်နှစ်က ပြောလို့ မှမရရင် အတင်းဆွဲခေါ်ခဲ့ရမယ်လို့ အမိန့်ပေးလိုက်ပါတယ်။ မင်းချင်းတွေက ပြန်သွားပြီးပြောပါတယ်။ မင်းမိန့်နဲ့ခေါ်ခိုင်း တာလည်း အမရာက မလိုက်ပါဘူး။ အဲဒီခေတ်က မင်းမိန့်

mgyoe.com

mgyoe.com



ကို လွန်ဆန်တယ်ဆိုရင် သေဒဏ်က သေချာသွားပါပြီ။ အဲဒီအချိန်မှာ အသပြာထောင်ထုပ်နဲ့ မြူဆွယ်တဲ့အဆင့် မဟုတ်တော့ပါဘူး။ အသက်ကို စွန့်ပစ်ရတဲ့ အခြေအနေ ဖြစ်သွားပါပြီ။ (သူ့လင် အပ်ချုပ်သမားကိုလည်း သွားတာ ကြာလိုက်လေခြင်းလို့ ဝမ်းနည်းရင်လည်း ဝမ်းနည်းနေမှာ ပေါ့)

အဲဒီအချိန်မှာ အမရာဟာ ငါလို ပညာရှိမိန်းမမျိုး ဟာ အချည်းအနှီးမသေစေရဘူးဆိုတဲ့ အတွေးမျိုးလည်း ဝင်လာခွင့်ရှိပါတယ်။ (ပညာတတ်မိန်းမတွေ ဆင်ခြင်စရာ ပါ) သူ့ယောကျ်ားလုပ်သူဟာ တော်တော်တော်တဲ့ အပ်ချုပ် သမားဆိုတာလောက်ပဲ သူသိထားတာပါ။ စစ်သူကြီးတစ် ယောက်ရဲ့ မိန်းမက မာန်ဟင်းခံတယ်ဆိုရင်လည်း တစ်မျိုး တွေးစရာရှိသေးရဲ့။ အပ်ချုပ်သမား ဘယ်လောက်တောင်ပဲ တော်ပါစေ သူ့အသက်ကို ပေးရလောက်အောင် မလိုအပ် ပါဘူး။ ဒါပေမဲ့ အဲဒီအပ်ချုပ်သမားကိုပဲ အမရာက ချစ်တာပါ။ ချစ်လိုက်ပုံကတော့ နက်နက်ရှိုင်းရှိုင်းနဲ့ကို ချစ်မိနေတာပါ။ အသက်စွန့်ပြီးတော့ကို ချစ်တာပါ။

အဲဒီအချိန်မှာပဲ မင်းမိန့်နဲ့တောင် မလိုက်တဲ့ အမရာ ကို မင်းချင်းတွေက ဆွဲခေါ်လာရပါတော့တယ်။ မဟော် သဓာရဲ့စံအိမ်ကိုရောက်တော့ အဆောင်ဆောင်အခန်းခန်းနဲ့ ကြီးကျယ်ခမ်းနားလွန်းတာကို အမရာ မျက်ငါးထင်ထင် မြင်ရတော့တယ်။ အဲဒီအချိန်မှာ စိတ်ကူးပြောင်းချင်ရင်

mgyoe.com